# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၃)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့် အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။


**ယနေ့ သတင်းအညွှန်း**

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ — ပြည်တွင်းသတင်း စာ - ၅

အငြိမ်းစားတို့ စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏ နည်းပညာခြေလှမ်းသစ် — ဆောင်းပါး စာ - ၆

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရှိထားပိုင်ခွင့် လက်ရောက်ရလိုမှုစွဲဆိုခြင်းနှင့် ဆန့်ကျင်လက်ရှိထားခြင်း — ဆောင်းပါး စာ - ၁၀

ဒီဂျစ်တယ်ခေတ်ရေစီးကြောင်းနှင့် စာဖတ်ခြင်းအလေ့အထ မြှင့်တင်ရေး — ဆောင်းပါး စာ - ၁၆


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ

# ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီ ရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်ပြီး စီးပွားရေးဖိုရမ်သို့ တက်ရောက်သွားရန် ရှိပါသည်။

ခရီးစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## တွန်းဇံမြို့၌ ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးချိန် တိုးမြှင့်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

တွန်းဇံ ဩဂုတ် ၃

တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲတွင် မြို့မိမြို့ဖများက တယ်လီဖုန်းလိုင်းရရှိရေး၊ လျှပ်စစ်မီးရရှိရေး တင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တယ်လီဖုန်းလိုင်းများ ပြန်လည်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်မီးအနေဖြင့် တွန်းဇံမြို့တွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် နေ့စဉ်ည ၇ နာရီမှ ၉ နာရီခွဲအထိ အချိန်ပိုင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် လျှပ်စစ်မီးဖြန့်ဖြူးချိန် တိုးမြှင့်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း

*စာမျက်နှာ ၃ ကော်လံ ၄* ❑

## ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ) စီမံကိန်းအတွက် မဒေးကျွန်း၌ ကျောက်တန်း (၁)၊ (၂) ရေလှောင်တမံ တည်ဆောက်လျက်ရှိ

စစ်တွေ ဩဂုတ် ၃

ကျောက်ဖြူမြို့နယ်ရှိ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ) စီမံကိန်းအတွက် ရေသိုလှောင်နိုင်ရန် မဒေးကျွန်းတွင် ကျောက်တန်း (၁)၊ (၂) ရေလှောင်တမံကို တည်ဆောက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ရခိုင်

*စာမျက်နှာ ၃ ကော်လံ ၁* ◆






မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂-၈-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၈-၂၀၂၆ ရက်နေ့မှ ၅-၈-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

## မုတ်သုံလေ အားကောင်းနေခြင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းတို့ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ

*စာမျက်နှာ ၃ ကော်လံ ၄* ❄

**တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးပိုနိုင်**

နေပြည်တော် ဩဂုတ် ၃

ဩဂုတ် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ မိုးပိုနေမည်။

မိုး/ဇလ

# ရင်သွေးအာဟာရဖွံ့ဖြိုးရေး မိခင်နို့ စနစ်တကျ တိုက်ကျွေး

၂၀၀၃ ခုနှစ်မှစ၍ နှစ်စဉ် ဩဂုတ်လတစ်လလုံးကို "အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ" အဖြစ် လှုပ်ရှားဆောင်ရွက်လာခဲ့ရာ ရည်ရွယ်ချက်များမှာ ပြည်သူလူထုက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန်၊ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန်၊ ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော နိုင်ငံသားကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်ရန်တို့ပင် ဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ၏ ပထမရက်သတ္တပတ်ကို 'မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်'၊ ဒုတိယရက်သတ္တပတ်ကို 'ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်'၊ တတိယရက်သတ္တပတ်ကို 'ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်'၊ စတုတ္ထရက်သတ္တပတ်ကို 'အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်' ဟူ၍ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုရက်သတ္တပတ်သည် မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်ဖြစ်သည်။

မိခင်နို့သည် ရင်သွေးငယ် ကျန်းကျန်းမာမာ ကြီးထွားဖွံ့ဖြိုးရန်အတွက် အကောင်းဆုံးအာဟာရဖြစ်သကဲ့သို့ မွေးဖွားပြီးစမှ ကလေးငယ်ခြောက်လအထိ လိုအပ်သည့်တစ်ခုတည်းသော အာဟာရလည်းဖြစ်သည်။ အထူးသဖြင့် ကလေးငယ်အတွက် အာဟာရကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့် ဓာတ်များပါဝင်နေသည့် နို့ဦးရည်ကိုမဖြစ်မနေ တိုက်ကျွေးရန် ကျန်းမာရေးပညာရှင်များက တိုက်တွန်းထားကြသည်။ မိခင်နို့သည် ကလေးအတွက် အစာကြေလွယ်သကဲ့သို့ အာဟာရဓာတ်ကိုလည်း လျင်မြန်စွာပေးနိုင်ခြင်းဖြစ်ရာ ကလေးကိုမွေးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစောတိုက်ရန်နှင့် ပထမခြောက်လအတွင်း မိခင်နို့မှလွဲ၍ ရေ၊ အခြားအရည်များ သို့မဟုတ် အစားအစာများ မကျွေးဘဲ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်အတွက်လည်း လမ်းညွှန်ထားသည်။

မိခင်နို့တွင် ရေဓာတ်အများအပြားပါဝင်ပြီး အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ပါဝင်ခြင်းကြောင့် မိခင်နို့ကို မကြာခဏတိုက်ရန်၊ နို့တိုက်ချိန်တွင်လည်း အချိန်ကြာကြာတိုက်ရန်နှင့် ကလေးငယ်ဆာသည့်အခါတိုင်း နို့တိုက်ရန်လည်းလိုအပ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်တွင် ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ ကလေးငယ်ကို နားပိုးဝင်ခြင်း၊ အဆုတ်ရောင်ရောဂါနှင့် အခြားရောဂါများမှလည်း ကာကွယ်နိုင်ပြီး မိခင်နှင့် ရင်သွေးတို့ကြားတွင် သံယောဇဉ်တွယ်တာမှုကို ပိုမိုခိုင်မာစေသည်။ မိခင်အတွက် နောက်တစ်ကြိမ်ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်ပြီး မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် အနေအထားမှန်စေရန် မိခင်နှင့် ကလေးနှစ်ဦးလုံးအတွက် အလေ့အကျင့်လိုအပ်ခြင်းကြောင့် လက်တွေ့ကျသည့်ပံ့ပိုးမှုလိုအပ်သည်။ မိခင်နို့တိုက်ကျွေးခြင်းနှင့်စပ်လျဉ်း၍ အစကနဦးတွင် မသက်မသာဖြစ်ခြင်း၊ အခက်အခဲများတွေ့ကြုံရခြင်းတို့အတွက် ကျွမ်းကျင်သည့်ပညာရှင်များထံမှ အကူအညီတောင်းခံရမည်လည်းဖြစ်သည်။ နို့တိုက်မိခင်သည် လိုအပ်သောအာဟာရများ ပြည့်စုံစေရန်အတွက် အစာအုပ်စု (၃) မျိုးစလုံးပါအောင် စားသောက်ကြရန် လိုအပ်သည့်အပြင် ပမာဏအားဖြင့်လည်း ပိုစားရမည်ဖြစ်သည်။ ထို့အပြင် နို့တိုက်မိခင်သည် ပုံမှန်အားဖြင့် စားသောက်ပုံအလေ့အကျင့်ကို ပြောင်းလဲရန်မလိုဘဲ အာဟာရမျှတသည့်အစားအစာများကို အများနည်းတူ စားသုံးရန်လိုအပ်သည်။ ကလေးများသည် မိခင်နှစ်သက်သည့် အစားအစာများကို မိခင်ဝမ်းထဲမှာရှိစဉ်ကတည်းကပင် ရင်းနှီးခဲ့ပြီးသားဖြစ်ရာ အကယ်၍ မိခင်စားသည့် အစားအစာတစ်ခုခုသည် ကလေးနှင့် မတည့်ဘူးဟုယူဆပါက အထူးကုဆရာဝန်နှင့်ဆွေးနွေးသင့်သည်ဟုလည်းဆိုသည်။

မိခင်တော်တော်များများက မွေးဖွားသည့်ရင်သွေးကို တိုက်ကျွေးရန် နို့လုံလောက်စွာမထွက်နိုင်ကြောင်း ပြောလေ့ရှိကြရာ မိမိရင်သွေးကို နို့ဝအောင်တိုက်နိုင်သည်ဟု ယုံကြည်စိတ်မွေးရန်လိုသည်။ အာဟာရပြည့်ဝစွာစားသုံးခြင်းဖြင့် အမွှာပူးမွေးသည့် ကလေးများကိုပင် မိခင်နို့လုံလောက်စွာတိုက်ကျွေးနိုင်ကြသည်။ မိခင်နို့တိုက်ခြင်းသည် မိခင်က အဓိကတိုက်ကျွေးရခြင်းဖြစ်သော်လည်း မိသားစုဝင်များ၏ ကူညီမှု၊ ကျန်းမာရေးစောင့်ရှောက်သူများ၏ လမ်းညွှန်မှု၊ အာဟာရမျှတစွာ စားသောက်ပြီး ကျန်းမာရေးညီညွတ်အောင်နေထိုင်မှု စသည့် ဝိုင်းဝန်းပံ့ပိုးမှုတို့လိုအပ်သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်၏ တစ်ဘဝတာအတွက် အရေးကြီးဆုံးသော အချိန်ကာလတစ်ရပ်ဖြစ်ပြီး ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ဖွံ့ဖြိုးသောကလေးများအဖြစ် ကြီးပြင်းလာကြစေရန် ကျန်းမာရေးပညာရှင်များ၏ အကြံပြုလမ်းညွှန်ချက်များနှင့်အညီ အလေးဂရုပြုဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

- ပထမပတ် - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
- ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
- တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
- စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## ၃ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၇၅ | ၃၆၅၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၄၀၄၀ | ၄၀၈၀ | ၃၇၄၀ | ၃၈၅၅ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၄၀၃၅ |
| 95 Ron | ၃၆၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၇၀ | ၃၇၆၅ | ၄၀၈၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၄၀ | ၃၈၇၀ | ၃၈၃၀ | ၃၈၄၅ | ၄၀၈၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၇၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၅၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၃၆၅ |
| HSD (50 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | ၅၂၃၀ | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၄၉ |
| 95 Ron | ၃၄၉၁ | ၃၅၉၅ |
| HSD (500 ppm) | ၃၇၉၃ | ၃၈၉၉ |
| HSD (50 ppm) | ၄၅၉၈ | ၄၇၁၉ |
| HSD (10 ppm) | ၄၅၉၈ | ၄၇၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်

စာတည်းမှူး - ခင်ရတနာ

စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း

ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)

ဓာတ်ပုံသတင်းထောက် - တင်စိုး

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့

စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၄ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဦးဝင်းမြင့်၊ ဒေါ်သင်းသင်းချိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်ပြီး တရားမ အထူးအယူခံမှုအမှတ် ၄၈/၂၀၂၃ (ရန်ကုန်)၊ ၈/၂၀၂၄ (ကချင်)၊ ၁၈/၂၀၂၄ (ရန်ကုန်) နှင့် ၁၉/၂၀၂၄(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့အတူ တရားမအထူး အယူခံမှုအမှတ် ၁၀/၂၀၂၄ (မန္တလေး)၊ ၁၂/ ၂၀၂၄(ရန်ကုန်)၊ ၁၃/၂၀၂၄(မန္တလေး)၊ ၂၀/၂၀၂၄ (ဧရာဝတီ)နှင့် ၂၄/၂၀၂၄ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❄ ရှေ့ဖုံးမှ

ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ၆-၈-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## နေပြည်တော်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်

**ထားဝယ် ဩဂုတ် ၃**

နေပြည်တော်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များဖြစ်သည့် လူငယ်စကားဝိုင်းသို့ တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သို့ ပါဝင်တက်ရောက်မည့် တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ၊ MSME ပြခန်းပြသမည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ၊ MSME ပြခန်းပြသမည့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် MSME လုပ်ငန်းများ၊ ပြသမည့် ထုတ်ကုန်များ၊ ဆောင်ရွက်သွားမည့်အစီအစဉ်များ ဆွေးနွေးတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ကုန်သွယ်ရေးနှင့် စွမ်းအင်စသည့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါ ဟူစိန် အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် စွမ်းအင်စသည့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည်။

ထို့ပြင် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ကြပြီး ကောင်စစ်ရေးရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





◆ ရှေ့ဖုံးမှ

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ဇူလိုင် ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မဒေးကျွန်းရှိ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များအား ပိုက်လိုင်းများဖြင့် ပို့လွှတ်ပေးနေမှု၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေးကိရိယာများ တပ်ဆင်ထားရှိမှု၊ မီးဘေးလုံခြုံရေးအတွက် စီမံထားရှိမှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆိပ်ကမ်းတွင် ရေနံတင်သင်္ဘော ရောက်ရှိနေမှုနှင့် ရေနံတင်သင်္ဘောပေါ်မှ ရေနံများ သိုလှောင်ကန်သို့ တင်ပို့နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်ရှိ လေပွေ့ရေနံတား တာတမံကြံ့ခိုင်မှု၊ ရေနံတားတာတမံတွင် Parapet တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဖြူမော်ရပ်ကွက်တွင် Solar Dryer Drone တည်ဆောက်ထားရှိမှု၊ ကျောက်ဖြူမြို့အား Gas Turbines ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့်နေရာ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

❏ ရှေ့ဖုံးမှ

ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ယာယီနေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ပေးအပ်ရာ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက လက်ခံရယူကြသည်။

အလားတူ ဒုတိယဝန်ကြီးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ မြန်မာ့စီးပွားရေးဘဏ် (တွန်းဇံဘဏ်ခွဲ)ကို ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) ဘဏ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် e-pension ထုတ်ပေးရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ အခြေခံပညာရေးသမိုင်းကို ပြုစုဆောင်ရွက်သွားမည်



**နေပြည်တော် ဩဂုတ် ၃**

ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေး သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို မျိုးဆက်သစ်များ သိရှိနားလည်ပြီး တန်ဖိုးထားထိန်းသိမ်းရန်၊ ခေတ်အလိုက် သမိုင်းမှတ်တမ်းတင်ထားမှုများကို ခိုင်ခိုင်မာမာပြသသွားနိုင်ရန်၊ မြန်မာတို့၏ ဘုန်းတန်ခိုးကြီးမားခဲ့သည့် သမိုင်းဖြစ်ရပ်များကို မြင်တွေ့ခံစားနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အခြေခံပညာရေးသမိုင်းကို ပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ ပြောကြားသည်။

ထိုသို့ ပြုစုဆောင်ရွက်သွားနိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ မြန်မာ့အခြေခံပညာရေးသမိုင်း ပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ပညာရေးသမိုင်းနှင့် ပတ်သက်၍ ပဒေသရာဇ်ခေတ် ပညာရေးစနစ်အခြေအနေ၊ ကိုလိုနီခေတ်ပညာရေးစနစ်၏ပြောင်းလဲမှုများနှင့် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ ပညာရေးအခြေအနေကို ရေးသားပြုစုနိုင်ရန် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမိုင်းပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ တက္ကသိုလ်များမှ သမိုင်းဘာသာရပ် ဆရာကြီး၊ ဆရာမကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘာသာရပ် ၁၉ မျိုးကို အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်

**နေပြည်တော် ဩဂုတ် ၃**

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်ပြီး ဘာသာရပ် (၁၉)မျိုးကို လက်တွေ့ လျှပ်စစ်လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့် စစ်ဆေးရေးလုပ်ငန်းများ၌ အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေး ဝန်ထမ်းများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပသည့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုသင်တန်းတွင် ဆိုလာဓာတ်အားပေးစနစ်နှင့် ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကိုအခြေခံအားဖြင့် သိရှိနိုင်အောင် ခေါင်းစဉ်တစ်ခု ထည့်သွင်း၍ သင်ကြားပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ MSME များ အားလုံး ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထိုသို့ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်နိုင်ရန် လျှပ်စစ်ဓာတ်အား အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ အန္တရာယ်ကင်းရှင်းစွာ လည်ပတ်နိုင်ရေး၊ စနစ်တကျ လက်တွေ့ကိုင်တွယ်တပ်ဆင်နိုင်ရေးနှင့် ပြင်ဆင်နိုင်ရေးတို့အတွက် အဆင့်မီမီတတ်ကျွမ်းသော လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးသည်လည်း အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို လျှပ်စစ်နှင့် ပတ်သက်သည့် အခြေခံသဘောတရားများ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေများ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်လာစေရန်၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို ပိုမိုကျွမ်းကျင်စွာနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အသက် ၁၀၃ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဒေါင်လွမ်း (အငြိမ်းစား)အား မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၃ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက အသက် ၁၀၃ နှစ်ပြည့် တပ်သားဒေါင်လွမ်း (အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

သတင်းစဉ်



# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ အလှူငွေများ ပေးအပ်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၃**

၁၉၉၄ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့သော ပခုက္ကူဦးအုံးဖေ စာပေဆု ယခု(ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု) ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ဒုတိယပတ်တွင် (၃၂) ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ရာ ပခုက္ကူတစ်သက်တာစာပေဆုရရှိသူ စာရေးဆရာကြီး နှစ်ဦးအပါအဝင် ဆုရရှိသူစုစုပေါင်း ၁၇ ဦးကို ဆုချီးမြှင့်မည်ဖြစ်သည်။

ပခုက္ကူစာပေဆုများကို မူလအလှူရှင် ပခုက္ကူဦးအုံးဖေလှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းအပေါ်တွင် အခြေခံ၍ စာပေချစ်မြတ်နိုးသူအလှူရှင်များ၏ ထပ်ဆင့်လှူဒါန်းငွေများဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာပေဆုရန်ပုံငွေများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလျက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ မြန်မာစာပေထွန်းကားပြန့်ပွားရေးကို ဦးတည်လျက် ရန်ပုံငွေများ လှူဒါန်းလိုပါက ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း-၀၉၉၇၃၆၅၃၆၂၅၊ အတွင်းရေးမှူး ဖုန်း-၀၉၅၁၉၃၇၂၄ နှင့် ရုံးအဖွဲ့ ဖုန်း-၀၉၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# (၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၃ | ၅၅၇ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၈၈၅,၅၈၈.၈၈ | ၂,၉၀၂,၈၇၄.၀၁ | ၂၅,၉၆၀,၅၆၀.၀၇ | – |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁.၆၅ သန်းအား စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ရတနာသစ်တောပြည့်သွေးကြောသစ်တောရတနာထိန်းသိမ်းပါ။

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်တွင်းပြည်ပ အလုပ်အကိုင်များရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာသူများအား အလုပ်အကိုင်ရရှိစေရေး မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးမှ သိရသည်။



ထို့ပြင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပသို့အလုပ်သမားစေလွှတ်ခြင်းများကို ပိုမိုမြန်ဆန်စေရေးအတွက် မလိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ပြည်ပလုပ်သားဈေးကွက်ရရှိစေခြင်းနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှု ပိုမိုရရှိစေခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း လုပ်သားအင်အားဆုံးရှုံးမှုမရှိစေရေးကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကော်မတီက ချမှတ်ပေးထားသောလုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့် အကြံပြုချက်များရှိပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တည်ခင်းဆွေးနွေးပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ စည်းကြပ်သည့် ဥပဒေနှင့် အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးတွင် ဆွေးနွေးမည့်အမှာစာအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဟားခါးနှင့် တီးတိန်မြို့များ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဆရာဖြစ်သင်တန်းများ တစ်ပြိုင်တည်း ဖွင့်လှစ်မည်

**ဟားခါး ဩဂုတ် ၃**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် နေ့စဉ်တိုက်ရိုက်ထိတွေ့ကြပြီး ပြည်သူများ၏ အရေးကိစ္စကြီးငယ်များကို စီမံဆောင်ရွက်ပေးနေသူများဖြစ်ကြသည့်အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အုပ်ချုပ်ရေး အခြေခံသဘောတရားများကို သိရှိနားလည်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍သင်တန်းတွင် သင်ကြားပို့ချသွားမည့် ဥပဒေအသိပညာများကိုသေချာလေ့လာပြီး လိုက်နာကျင့်သုံးကြစေလိုကြောင်း ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ပြောကြားသည်။

ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ချင်းပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ချင်းပြည်နယ်အတွင်း ဟားခါးမြို့နှင့် တီးတိန်မြို့များတွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ကျွန်းလှမြို့နယ် ဒေသခံပြည်သူများ စားရေရိက္ခာဖူလုံပြည့်ဝစေရေးအတွက် အသား/ဥ မွေးမြူရေးလုပ်ငန်းများကို ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူသွားရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

**မုံရွာ ဩဂုတ် ၃**

ကျွန်းလှမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေရိက္ခာဖူလုံပြည့်ဝစေရေးအတွက် အသား/ဥ မွေးမြူရေး လုပ်ငန်းများကို ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူသွားရန်နှင့်ဒေသခံတောင်သူများအနေဖြင့် သီးထပ်သီးနှံများ စိုက်ပျိုးသွားရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ယမန်နေ့တွင် ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံစဉ် ကျွန်းလှမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ် ဆေးရုံအုပ်ကြီးတို့ထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ ရေထိန်းတမံများ၊ ရေပိုလွှဲများ ကြံ့ခိုင်မှုအခြေအနေနှင့် သဖန်းဆိပ်ရေလှောင်တမံမှ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ တန့်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်များရှိ မြို့နယ်များတွင် စိုက်ခင်းများ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို သွားရောက်ကြည့်ရှုကြသည်။

အဆိုပါ ခရီးစဉ်အတွင်း တပ်ကုန်းကျေးရွာရှိ တောင်သူ ဦးမင်းပိုင်၏ လယ်ယာမြေ နှစ်ဧက၌ စိုက်ပျိုးထားသည့် ရှောမင်းစပါးခင်းအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုခြင်းနှင့် သမန်းနိုးခြင်း ကွင်းသရုပ်ပြသပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ (အပေါ်ပုံ)

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၆-၂၀၂၇ မိုးရာသီစံပြစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုပေးအပ်ပွဲကျင်းပပြီး တောင်သူများထံ သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ကျောက်မဲ ဩဂုတ် ၃**

ကျောက်မဲမြို့နယ် နားမခေါ်ကျေးရွာအုပ်စု ဖူးခါးကျေးရွာမှ မိုးရာသီစံပြစိုက်ပျိုးမည့် တောင်သူများအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွင်းအားစုများ ထောက်ပံ့ပေးအပ်ကာ တောင်သူဦးစံရင် စိုက်ပျိုးထားသည့် NAS- 828 ပြောင်းခြံ သုံးဧကကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန္တလေး- လားရှိုးလမ်းပေါ်ရှိ ဂုတ်တွင်း တံတား တည်ဆောက်နေမှု၊ ကျောက်မဲမြို့နယ် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောက်မဲခရိုင် မွေးမြူရေးဇုန်နှင့် ရွှေနှင်းဆီဥစားကြက်ခြံကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ကျောက်မဲပြည်သူ့ဆေးရုံ၌ ဒေသခံလူနာများအား ဆေးကုသခံယူနေမှုနှင့် အရိုးနှင့်အာရုံကြောခွဲစိတ်ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်ဝအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

# အငြိမ်းစားတို့ စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏ နည်းပညာခြေလှမ်းသစ်

**မိုးသီတာ(မြန်မာ့စီးပွားရေးဘဏ်)**

အငြိမ်းစားမိဘပြည်သူများက နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ်ပြည့်/သက်ပြည့် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် ရရှိလာသည့် ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူလေ့ရှိရာ မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၁-၁၀-၁၉၇၂ ရက်နေ့မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရပြီး ကာကွယ်ရေးပင်စင်၊ မြို့ပြပင်စင်၊ နိုင်ငံရေးပင်စင်၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ပင်စင်ဟူသည့် ပင်စင်အမျိုးအစား ငါးမျိုးဖြင့် ထုတ်ပေးလျက်ရှိပါသည်။

၁-၄-၂၀၂၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြို့ပြပင်စင်မှခွဲထွက်၍ ရဲတပ်ဖွဲ့ပင်စင်အဖြစ် ရပ်တည်ခဲ့သည့်အတွက် ယခုအချိန်တွင် ပင်စင်အမျိုးအစား ခြောက်မျိုးဖြင့် ထုတ်ပေးလျက်ရှိပါသည်။

ပထမဦးစွာ အငြိမ်းစားလစာထုတ်စာအုပ်ဖြင့် ထုတ်ယူခဲ့သည့်စနစ်ကို လေ့လာကြည့်မည်ဆိုပါက အငြိမ်းစားအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်ရန်အတွက် ဘဏ်သို့ အငြိမ်းစားလစာတောင်းခံလွှာအား ၁ ရက်မှ ၁၈ ရက်အတွင်း အငြိမ်းစားလစာထုတ်စာအုပ်နှင့်အတူ တင်ပြရပြီး ဘဏ်မှအငြိမ်းစားသို့ ပင်စင်လစာထုတ်ယူရမည့် ရက်စွဲပါဝင်သော တိုကင်ပြန်ပေးပါသည်။ လစဉ်လမကုန်ဆုံးမီ သုံးရက်အတွင်း အငြိမ်းစားမှ တိုကင်တွင်ပါဝင်သည့် နေ့ရက်တွင် ဘဏ်သို့လာရောက်၍ တိုကင်ကိုတင်ပြပြီး ပင်စင်လစာအားထုတ်ယူရပါသည်။ သုံးရက်အတွင်း မထုတ်ဖြစ်သော ပင်စင်လစာများကို ၁၁ ရက်နေ့နှင့် ၁၈ ရက်နေ့တွင် လစာကျန်များ ထုတ်ပေးပါသည်။ အငြိမ်းစားသည် ဘဏ်သို့ အနည်းဆုံးနှစ်ကြိမ် လာရောက်ရပါသည်။

အငြိမ်းစားများ ပင်စင်လစာထုတ်ယူရန်အတွက် ဘဏ်သို့တစ်ကြိမ်ထက်ပို၍ လာရောက်ရခြင်း၊ ဘဏ်တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းတို့မှ ကင်းဝေးစေရန်ရည်ရွယ်ကာ ပင်စင်လစာများကို IT နည်းပညာအသုံးပြုပြီး လွယ်ကူလျင်မြန်စွာဖြင့် အချိန်မရွေးထုတ်ယူနိုင်စေရန်အတွက် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဘဏ်ခွဲပေါင်း ၃၀၃ ဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာများ ထုတ်ပေးလျက်ရှိပါသည်။

e-Pension ကတ်ဖြင့် ပင်စင်ထုတ်ယူပါက အငြိမ်းစားများက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ e-Pension Card တင်ပြရုံဖြင့် ဘဏ်ဖွင့်လှစ်သည့်နေ့ရက်များ၏ ဘဏ်လုပ်ငန်းချိန်အတွင်း ပင်စင်လစာငွေထုတ်ယူနိုင်ပါသည်။ အငြိမ်းစားတစ်ဦးသည် လတစ်လ၏ ၂၁ ရက်နေ့တွင် ပင်စင်လစာထုတ်ယူမည်ဆိုပါက အဆိုပါလ၏လစာအား ထုတ်ယူနိုင်မည်ဖြစ်ပြီး ၂၁ ရက်နေ့မတိုင်မီ ထုတ်ယူပါက ပြီးခဲ့သည့်လ၏ ပင်စင်လစာအတွက်သာ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ အငြိမ်းစားများ ဘဏ်သို့လာရောက်ခြင်းမပြုနိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့်ထုတ်ယူနိုင်ပြီး အငြိမ်းစားသက်ရှိထင်ရှားရှိကြောင်း တစ်နှစ်လျှင် တစ်ကြိမ် လူတွေ့စစ်ဆေးရပါမည်။

ယခုအခါ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာ တိုးတက်ပြောင်းလဲလာမှုတို့ကြောင့် ပင်စင်လစာထုတ်ယူမှုကို အချိန်ကုန်သက်သာ၍ ပိုမိုလွယ်ကူစေသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ကြပြီဖြစ်ရာ အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ပါသည်။

**(က) ဘဏ်သို့မိမိကိုယ်တိုင်သွားရောက်၍ဖြစ်စေ (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ ဖြစ်စေ ထုတ်ယူခြင်း**

ပုံမှန်အားဖြင့် အငြိမ်းစားများသည် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ လူကိုယ်တိုင်လာရောက်ထုတ်ယူလေ့ရှိပါသည်။ ထိုသို့ထုတ်ယူရာတွင် မိမိတို့တွင်ရှိသည့် ပင်စင်လစာထုတ်စာအုပ် (သို့မဟုတ်) e-Pension ကတ်ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ငွေသားဖြင့်ထုတ်ယူနိုင်သကဲ့သို့ စာရင်းပြောင်းနည်းလမ်းများဖြင့်လည်း Standing Instruction ပေး၍ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ပင်စင်လစာများကို ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုသူများအနေဖြင့် သက်ဆိုင်ရာဘဏ်များမှ ထုတ်ပေးထားသည့် ကိုယ်စားလှယ်လွှဲစာတွင် အငြိမ်းစားက လက်မှတ်ရေးထိုးပေးရမည်ဖြစ်ပြီး ပြန်တမ်းဝင်အရာရှိ (သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါရှိရပါမည်။

**(ခ) မိုဘိုင်းဖုန်းကို အသုံးပြု၍ ထုတ်ယူခြင်း (Myanmar Mobile Money (MMM)၊ Wave Money)**

အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အချိန်ကုန်သက်သာစေရန်၊ အဆင်ပြေချောမွေ့စေရန်နှင့် ဘဏ်တွင် လူအများစုပြုံထုတ်ယူခြင်းမှ ကင်းဝေးစေရန်အတွက် မိမိတို့၏မိုဘိုင်းဖုန်းများရှိ Wallet Application ကိုအသုံးပြု၍ နီးစပ်ရာ ကိုယ်စားလှယ်များ (Mobile Agent) ထံတွင် သွားရောက်ထုတ်ယူနိုင်ပါသည်။ ထိုနည်းလမ်းကို အသုံးပြုလိုသည့် အငြိမ်းစားအနေဖြင့် သက်ဆိုင်ရာဘဏ်တွင်လျှောက်ထားရန် လိုအပ်ပါသည်။

**(ဂ) ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ ထုတ်ယူခြင်း**

အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို ဘဏ်သို့ကိုယ်တိုင်သွားရောက်၍ မထုတ်ယူလို၊ Mobile Agent များကိုလည်းအသုံးပြု၍ မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း (သို့မဟုတ်) စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း (သို့မဟုတ်) ATM စာရင်းဖွင့်လှစ်၍ မိမိတို့၏ ပင်စင်လစာများကို ပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်ပါသည်။ ထိုသို့ထုတ်ယူနိုင်ရန်အတွက် မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ်စာရင်း (သို့မဟုတ်) စာရင်းရှင်စာရင်း (သို့မဟုတ်) ATM စာရင်းသို့ ပြောင်းလဲထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန်လိုအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားများအနေဖြင့် ကိုယ်တိုင်ထုတ်ယူခြင်းဖြစ်ပါက တစ်နှစ်တစ်ကြိမ် လူပုဂ္ဂိုလ်မှန်ကန်ကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း လူတွေ့စစ်ဆေးခြင်းကို လူကိုယ်တိုင်ဖြင့်ဖြစ်စေ၊ Video Call ဖြင့်ဖြစ်စေ စစ်ဆေးမှုကို ခံယူရပါမည်။ မိသားစုပင်စင်ခံစားနေသည့် အငြိမ်းစားများအနေဖြင့်နောက်အိမ်ထောင်မပြုသေးကြောင်း ထောက်ခံစာနှင့်အတူ ခြောက်လတစ်ကြိမ် လူတွေ့စစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ယူရာတွင် အငြိမ်းစားလူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိစိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့် စိစစ်မှုပြုလုပ်နိုင်ရန်နှင့် အငြိမ်းစားများအနေဖြင့် မိမိ၏ ပင်စင်လစာထုတ်ယူနေသည့်ဘဏ်ခွဲတွင်သာမက ကြိုက်နှစ်သက်ရာ မည်သည့်ဘဏ်ခွဲတွင်မဆို ထုတ်ယူနိုင်ရန်အတွက် ဘဏ်ခွဲများရှိ အငြိမ်းစားများ၏ အချက်အလက်များ၊ ပင်စင်လစာထုတ်ပေးမှုဆိုင်ရာ အချက်အလက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်ရည်ရွယ်၍ ပထမအဆင့်အနေဖြင့် Centralized e-Pension စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ဘဏ်ခွဲပေါင်း ၁၉၆ ဘဏ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားများအနေဖြင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ကြိုက်နှစ်သက်ရာဘဏ်ခွဲများတွင် ပင်စင်လစာများကို ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်ပါသည်။

Centralized e-Pension စနစ်ဆိုသည်မှာ အငြိမ်းစား၏အချက်အလက်များကို ယခင်က ဘဏ်ခွဲရှိ ကွန်ပျူတာတွင်ထားရှိသည့် Distributed စနစ်မှ ရုံးချုပ် Data Center တွင် တစုတစည်းတည်းထားရှိသည့် Centralized စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပြီး Internet လိုင်းနှင့် VPN ကိုအသုံးပြု၍ ဘဏ်ခွဲများမှ ပင်စင်လစာ ထုတ်ပေးသည့်စနစ်ဖြစ်ပါသည်။

> **”Centralized e-Pension စနစ်ဆိုသည်မှာ အငြိမ်းစား၏ အချက်အလက်များကို ယခင်က ဘဏ်ခွဲရှိ ကွန်ပျူတာတွင် ထားရှိသည့် Distributed စနစ်မှ ရုံးချုပ် Data Center တွင် တစုတစည်းတည်း ထားရှိသည့် Centralized စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပြီး Internet လိုင်းနှင့် VPN ကို အသုံးပြု၍ ဘဏ်ခွဲများမှ ပင်စင်လစာ ထုတ်ပေးသည့်စနစ်ဖြစ်“**

ဒုတိယအဆင့်အနေဖြင့် အငြိမ်းစားများအား လူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိ စိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့် စိစစ်မှုပြုလုပ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ပြီး One-to-One Matching စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် ဘဏ်ခွဲများတွင် အငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အကူအညီဖြင့် Biometric အချက်အလက်များကောက်ယူလျက်ရှိရာ Face ID ဖြင့် လူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိ စိစစ်ခြင်းကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးခြင်းအားဖြင့် အငြိမ်းစားများအနေဖြင့် ကွန်ရက်ချိတ်ဆက်ထားသည့် ဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ပင်စင်အမှုတွဲများ ဘဏ်ပြောင်းရွှေ့ရန်မလိုအပ်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်သကဲ့သို့ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်း အငြိမ်းစား၏ အချက်အလက်များကို ရုံးချုပ် Data Center တွင် တစုတစည်းတည်းထားရှိသည့်အတွက် ဘဏ်ခွဲများ၏ ပင်စင်လစာထုတ်ပေးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည့်အပြင် အခက်အခဲဖြစ်ပေါ်ပါက ချက်ချင်းဖြေရှင်းပေးနိုင်ပြီး IT နည်းပညာအသုံးပြု၍ ခေတ်မီဘဏ်ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ပါသည်။

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Centralized e-Pension စနစ်ကို ခရိုင်ဘဏ်ခွဲ ၆၁ ဘဏ်နှင့် မြို့နယ်ဘဏ်ခွဲ ၁၃၅ ဘဏ် စုစုပေါင်း ၁၉၆ ဘဏ်တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့် ဘဏ်ခွဲများ၏ အင်တာနက်လိုင်းရရှိမှုအပေါ် အခြေခံ၍ Centralized e-Pension စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် မြန်မာ့စီးပွားရေးဘဏ်တွင် လက်ရှိပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားအရေအတွက်မှာ ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ၈၀၀၀၀၀ ကျော်ရှိပြီး အငြိမ်းစားဦးရေ၏ ၈၆ ဒသမ ၈၉ ရာခိုင်နှုန်းမှာ Centralized e-Pension စနစ်ဖြင့် ထုတ်ယူလျက်ရှိပါသည်။ အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့် နည်းလမ်းများအား လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရန်နှင့် ပင်စင်လစာများကို မိမိထုတ်ယူလိုသည့်အချိန်တွင် ထုတ်ယူနိုင်ပါကြောင်းနှင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများအမည်စာရင်းနှင့် Myanmar Mobile Money (MMM)၊ Wave Money တို့ဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့် ဘဏ်ခွဲများ အမည်စာရင်းအား မြန်မာ့စီးပွားရေးဘဏ် Website (https://www.meb.gov.mm) နှင့် မြန်မာ့စီးပွားရေးဘဏ် Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း မြန်မာ့စီးပွားရေးဘဏ် ပင်စင်လုပ်ငန်း၏ နည်းပညာခြေလှမ်းသစ်များဖြင့် သွားရင်းလာရင်း ပင်စင်ထုတ်နိုင်သည့်ခေတ်ရောက်ပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

◆ *ကျောဖုံးမှ*

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်နှင့် ဒေါက်တာ မောင်သင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့် သဲသောင်ပြင်ဆပ်ကော်မတီမှ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် ဖူဆယ်အားကစားနည်းကို ၁၉၉၈ ခုနှစ်မှ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဖလား ဖူဆယ်ပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာဘောလုံးအားကစားကွင်းတွင် စတင်ကျင်းပခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် မြန်မာ့လက်ရွေးစင် (အမျိုးသား) ဖူဆယ်အသင်းသည် ပထမအကြိမ်နိုင်ငံတကာပြိုင်ပွဲအနေဖြင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship နိုင်ငံတကာဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ်တစ်ခုရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ၂၀၁၇ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship တွင် ကြေးတံဆိပ်တစ်ခုနှင့် ၂၀၁၈ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Club Championship ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ၂၀၂၅ ခုနှစ် AFF Futsal Club Championship U-16 ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ အလားတူ မြန်မာ့လက်ရွေးစင် (အမျိုးသမီး) ဖူဆယ်အသင်းသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသားအသင်းက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးအသင်းက ကြေးတံဆိပ်တစ်ခုကို ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ ယခုပြိုင်ပွဲမှ တစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစား သမားကောင်းများဖြစ်လာအောင် ကြိုးစားယှဉ်ပြိုင်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဆက်လက်တိုက်တွန်းမှာကြားပြီး "၂၀၂၆ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)





ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အ.ထ.က (၆) ဇမ္ဗူသီရိမြို့နယ် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်းပေးအပ်ပြီး ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဖူဆယ် (အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅သင်းတို့က ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဒေါင့်ကြီးကျေးရွာ ကျောင်းတိုက်ဓမ္မာရုံ၊ ညောင်ဝိုင်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာ ကျောင်းတိုက်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ၊ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ယနေ့ သွားရောက် ထောက်ပံ့ပေးအပ်သည်။ (**အောက်ပုံ**)

ရေဘေးသင့် ပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ သွားရောက်တွေ့ဆုံ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးအသိပညာများကို ဆွေးနွေးပြောကြားကြသည်။

ထို့ပြင် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေကျော်စီးဝင်သည့် ပန်းတာကို ရှေ့ဘက်တာဟောင်းမှ ရေလမ်းကြောင်းထိန်း တုတ်တန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု၊ ပန်းတာရေဝင်ပေါက် ရေကာတုတ်တန်း လက်ဝဲ/လက်ယာ စတင်ဆောင်ရွက်နေမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေနက်စီးကြောင်း ပိတ်ဆို့ဟန့်တားရန်အတွက် Geo Bag အိတ်များ ချုပ်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရပ်ကွက်များ၊ ကျေးရွာအုပ်စုများအတွင်း ရေစတင်ဝင်ရောက်ချိန်မှစတင်ကာ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့်ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




■ *ကျောဖုံးမှ*

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်း ပွဲချိန် ၁၈ မိနစ်တွင် စိုးမင်းခန့်က စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် ဧရာဝတီအသင်းမှ ကောင်းမြတ်စံက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၄၇ မိနစ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းမှ ကျော်မင်းစိုးက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ပြီး တစ်မိနစ်အကြာ ၄၈ မိနစ်တွင် ကောင်းခန့်ကျော်က ဧရာဝတီအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၂ မိနစ်တွင် ဧရာဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ကောင်းမြတ်စံက သွင်းယူခဲ့သည်။

ဧရာဝတီအသင်းသည် ယနေ့နိုင်ပွဲကြောင့် ၃ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့် ၁၀ နေရာတွင် ရပ်တည်ခဲ့ပြီး အဆိုပါပွဲတွင် ခြေစွမ်းပြကစားကာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကျောနံပါတ် (၂၀) ကောင်းမြတ်စံက အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

❑ *ကျောဖုံးမှ*

သစ္စာအားမာန်အသင်း ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

ထို့နောက် သစ္စာအားမာန်အသင်းမှ ယွန်းဝတီက ပွဲချိန် ၂၃ မိနစ်နှင့် မိနစ် ၅၀ တွင်လည်းကောင်း၊ မြတ်နိုးခင်က ၃၂ မိနစ်နှင့် ၃၄ မိနစ်တွင်လည်းကောင်း၊ ဝင်းဝင်းက ၅၉ မိနစ်နှင့် ၆၉ မိနစ်တွင်လည်းကောင်း၊ ချစ်စုဝေက ပွဲချိန် ၈၅ မိနစ်နှင့် နာကျင်အချိန်ပို (၉၀+၂) မိနစ်တွင်လည်းကောင်း နှစ်ဂိုးစီ အသီးသီးသွင်းယူခဲ့သည်။

ယနေ့နိုင်ပွဲကြောင့် သစ္စာအားမာန်အသင်းသည် အမှတ်ပေးဇယား အဆင့် ၅ နေရာတွင်ရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်မှူး ဝင်းဝင်းက ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုရရှိခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် Young Lionesses အသင်းကို အနိုင်ရရှိခဲ့သဖြင့် နိုင်ပွဲလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၇ မိနစ်နှင့် နာကျင်အချိန်ပို (၉၀+၂) မိနစ်တို့တွင် ဇင်မိုးပြည့်က နှစ်ဂိုး၊ ပွဲချိန် ၆၆ မိနစ်နှင့် ၈၆ မိနစ်တို့တွင် နှင်းဝေနှင်းက နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ဇင်မိုးပြည့်က အကောင်းဆုံးကစားသမားဆုရရှိခဲ့ပြီး မြန်မာအမျိုးသမီးလိဂ်တွင် စုစုပေါင်း သွင်းဂိုး ရှစ်ဂိုးဖြင့် မြတ်နိုးခင်နှင့်အတူ ဂိုးသွင်းဘုရင်ဆုကို ပူးတွဲ ဦးဆောင်နိုင်ခဲ့သည်။

Young Lionesses အသင်းသည် ပွဲချိန် ၅၁ မိနစ်တွင် နေမျိုးသူသူအောင်၏ ဂိုးဖြင့် စတင်ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၆၁ မိနစ်တွင် နန်းခမ်းဟွမ်က ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းအား ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရကာ ရှုံးနိမ့်ခဲ့ရသည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

❍ *ကျောဖုံးမှ*

နယူးကာဆယ်အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ရိမ်းစ်အသင်းဂိုးသမား အူဝမ်ဂျာအူအအမ် (၂၀ နှစ်) ကို ခေါ်ယူထားပြီးဖြစ်သော်လည်း နံပါတ်တစ် ဂိုးသမားနေရာအတွက် ဟော်နီချက်ခ်ကို ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ချက်ခ်ဂိုးသမား ဟော်နီချက်ခ်သည် နယူးကာဆယ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်ကိုချုပ်ဆိုကာ စပိန်နိုင်ငံတွင် ရာသီအကြိုလေ့ကျင့်ရေး ပြင်ဆင်နေသည့် အသင်းဖော်သစ်များနှင့် ပူးပေါင်းသွားဖွယ်ရှိသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် လက်စွမ်းပြသထားနိုင်သော ဂိုးသမားတစ်ဦးဖြစ်ပြီး ၁၂ ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ကာ အသင်းကို ယူရိုပါလိဂ် ဆီမီးဖိုင်နယ်သို့ ပို့ဆောင်နိုင်အောင် ကူညီပေးထားနိုင်သည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ် ၃၈ ပွဲတွင် ၁၄ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ရမှတ် ၄၉ မှတ်နှင့်အတူ ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၁၂) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

လည်းကောင်း၊ အုပ်စု(ခ)မှ အိမ်ရှင် ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၆၆ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ ကရင်ပြည်နယ်အသင်းက နေပြည်တော်အသင်းကို ၄၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသမီးပွဲစဉ်တွင် အုပ်စု(က)မှ အိမ်ရှင် ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၆၁ မှတ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၅၇ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၆၄ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ရာ အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ကိုမင်း**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော်  ဩဂုတ်  ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရုန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးကျောက်ညီရန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့တွေ့ဆုံဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် ပန်ဆန်းမြို့ တွေ့ဆုံဆွေးနွေးပွဲမှ ဆွေးနွေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်တင်ပြပေးခဲ့ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးအခင်းအကျင်းများ ရရှိလာရေးအတွက် အသေးစိတ် ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**အမြဲလိုက်နာ ကျင့်သုံးလျက်ရှိ**

ထို့နောက် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရာထူးတာဝန် ထမ်းဆောင်ခြင်းကို ထပ်လောင်း ဂုဏ်ပြုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို တစိုက်မတ်မတ် စောင့်ထိန်းကာ ပြည်ထောင်စုစနစ်အတွင်း အခြေပြု၍ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံတော်အစိုးရကရှေ့ဆက်လက် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပြီး သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် အမြဲလိုက်နာ ကျင့်သုံးလျက်ရှိကြောင်းနှင့် ပြည်သူလူထု၏ လုံခြုံမှုကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစေကာ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှု စသည့် အမျိုးမျိုးသော ပြစ်မှုဆိုင်ရာများကို ပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း (ငြိမ်း) က “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)၏ နိုင်ငံရေးလိုလားချက်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)က နိုင်ငံတော်အစိုးရရှေ့ဆက်လက် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်က ပန်ဆန်းမြို့၌ NSPNC ဥက္ကဋ္ဌအဖွဲ့နှင့် UWSP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်အကြား အဆင့်မြင့်တိုက်ရိုက်ဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး နေပြည်တော်သို့ ရောက်ရှိဆွေးနွေးနိုင်မှုအဆင့်ထိ ရောက်ရှိစေခဲ့ကြောင်း၊ NSPNC နှင့် UWSP အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ထားရှိခြင်းဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အကောင်အထည်ဖော်မှုအပေါ် ပိုမိုအထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပြီး လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



# ဒေါ်အောင်ဆန်းစုကြည် ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ လာရောက်တွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၃**

ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude de Baqque က ယနေ့နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  ဩဂုတ်  ၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုမိဝေးဖဝေး၊မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အိမ်ပြင်ပဒ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဘတ်စကက်ဘော အားကစားသမားများ တွေ့ဆုံယှဉ်ပြိုင်စေခြင်းဖြင့် အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် ဘတ်စကက်ဘော အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံတော်အတွက် အားကိုးအားထား ပြုနိုင်မည့် ဘတ်စကက်ဘော အားကစားသမားကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**



ဖွင့်ပွဲတွင် ပြည်နယ်ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကိုစတင်ဖွင့်လှစ်ပေးကာ အဖွင့်ပွဲစဉ် အမျိုးသားပထမပွဲစဉ်အဖြစ် အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကိုဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်၍ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**ထက်ဝေ(ပြန်/ဆက်)**

## တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် ငှက်တစ်ကောင်ဖြင့် တိုက်ခိုက်မှု (Bird Strike) ဖြစ်ပွားခဲ့ပြီး မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၅ နာရီ ၁၆ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၏ အရှေ့တောင်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ညောင်နှစ်ပင်ကျေးရွာအနီးသို့အရောက် ငှက်တစ်ကောင်ဖြင့် တိုက်ခိုက်မှု (Bird Strike) ဖြစ်ပွားပြီး အင်ဂျင်ခန်းအတွင်းသို့ ဝင်ရောက်သဖြင့် အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးအနေဖြင့် လေယာဉ်၏ အနေအထားကို လူနေအိမ်ရှင်းသည့် အရပ်မျက်နှာဘက်သို့ လှည့်၍ Eject ပြုလုပ်၍ ခုန်ထွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် လေယာဉ်ပေါ်တွင်လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ESports ကမ္ဘာ့ဖလားပြိုင်ပွဲ ESports World Cup 2026(MLBB)တွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်း 1st Runner Up ရရှိ

**ရန်ကုန် ဩဂုတ် ၃**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပသည့် ESports ကမ္ဘာ့ဖလားပြိုင်ပွဲ ESports World Cup 2026(MLBB)တွင် မြန်မာနိုင်ငံ ကိုယ်စားပြု Yangon Galacticos (YG) MLBB အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့အဆင့် Mobile Legends: Bang Bang ပြိုင်ပွဲ၏ Grand Final ၌ 1st Runner Up(ဒုတိယဆု) ဆွတ်ခူးရရှိခဲ့သည်။



အဆိုပါ ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာ၊ စင်ကာပူ၊ ဆော်ဒီအာရေးဗျ၊ ရုရှား၊ တူကီယဲ၊ တရုတ်၊ ပီရူး၊ အိန္ဒိယ၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ထိုင်း၊ လာအို၊ ဂျပန်နှင့် ဗီယက်နမ်စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အသင်း ၂၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံ ကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းသည် အုပ်စုပထမပွဲစဉ်၌ ဆော်ဒီအာရေးဗျနိုင်ငံမှ Geekay ESports အသင်းအား (၂) ပွဲပြတ်၊ အုပ်စုဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ PRO ESports အသင်းအား (၂)ပွဲပြတ်၊ ရှုံးထွက် ကွာတားဖိုင်နယ်ပွဲစဉ်တွင် (၃) ပွဲပြတ်၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံမှ Falcons PH ESports အသင်းအား (၃)ပွဲ (၂)ပွဲဖြင့် အနိုင်ရရှိ၍ Grand Final သို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲ ပွဲစဉ်တွင် ရုရှားနိုင်ငံမှ Team Spirit အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ(၃)ပွဲ (၄)ပွဲရလဒ်ဖြင့် 1st Runner Up (ဒုတိယဆု)ကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

**သောင်းသောင်းဖြဖြ ကြိုဆို**

ချန်ပီယံဆုရရှိခဲ့သည့် ရုရှားနိုင်ငံမှ Team Spirit အသင်းသည် ဆုကြေးငွေ ဒေါ်လာတစ်သန်း ရရှိခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းက 1st Runner Up (ဒုတိယဆု)ရရှိခဲ့သည့်အတွက် ဒေါ်လာငါးသိန်းရရှိခဲ့သည်။

ယခုကဲ့သို့ 1st Runner Up (ဒုတိယဆု)ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းသည် ယနေ့နံနက်ပိုင်းတွင် China Southern Airlines ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Mobile Legends MLBB အသင်းအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြီး ပြိုင်ပွဲဝင် အားကစားသမားများကို KBZ Bank/KBZ Pay မှ CEO ဒေါ်သက်မာအေးက ကျပ်သိန်း ၅၀၀၀ ဂုဏ်ပြုဆုကိုလည်းကောင်း၊ Delous Group of Company မှ ကျပ်သိန်း ၁၀၀ အပါအဝင် ကျပ်သိန်း ၄၀ တန်ဖိုးရှိ ကွတ်ကီးမုန့်များကိုလည်းကောင်း၊ Cherry Oo နာရီမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကိုလည်းကောင်း၊ Shwe Nadi Application မှ Apple Pro-3 နားကြပ်ရှစ်ခုနှင့် ရွှေနဒီအက်ပလီကေးရှင်း၏ တစ်နှစ်တာကြည့်ရှုခွင့်ကိုလည်းကောင်း အသီးသီး ဂုဏ်ပြုချီးမြှင့်ကြသည်။

ကမ္ဘာ့ဖလားအီးစပို့အားကစားပြိုင်ပွဲအား ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါ Grand Final ပြိုင်ပွဲအား ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကျေးလက်ဒေသများပါမကျန် အားပေးကြည့်ရှုခဲ့ကြသည်။ ကမ္ဘာ့ချန်ပီယံ အီးစပို့ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Yangon Galacticos (YG) အသင်းအနေဖြင့် ဂျပန်နိုင်ငံတွင် ကျင်းပမည့် အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ဆက်လက်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*❋ ကျောဖုံးမှ*

ဂိုးများများသွင်းယူနိုင်ရေး အစွမ်းကုန် ကြိုးစားကစားရမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် လာအိုအသင်းကို နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းကောင်းများရှိသော်လည်း ယခုပွဲစဉ်သည်အမှားမခံဘဲ တိုက်စစ်ကို ထိရောက်စွာအသုံးချပြီး ရရှိလာသည့်အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်မှသာ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး မျှော်လင့်ချက်ကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ လာအိုအသင်းနှင့် နောက်ဆုံးတွေ့ဆုံမှုအဖြစ် ၂၀၂၄ AFF ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

လာအိုအသင်းသည် အုပ်စုပွဲစဉ်တစ်လျှောက် ထိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မလေးရှားကို လေးဂိုး-ဂိုးမရှိနှင့် ဖိလစ်ပိုင်ကို လေးဂိုး-တစ်ဂိုးရလဒ်ဖြင့် သုံးပွဲဆက်တိုက် ဂိုးပြတ်ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရပြီးဖြစ်သည်။ ယနေ့ မြန်မာအသင်းနှင့် ပွဲစဉ်သည် လာအိုအသင်းအတွက် အမှတ်ရလဒ်နှင့် နောက်တစ်ဆင့်တက်ရေး ဖိအားမရှိဘဲ ကစားရမည့် ပွဲတစ်ပွဲသာဖြစ်သည်။

လက်ရှိအုပ်စု(B)တွင် ထိုင်းအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ၆ မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက သုံးပွဲကစား နှစ်ပွဲနိုင် ရမှတ် ၆ မှတ်ဖြင့် အုပ်စုဒုတိယနှင့် မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် ရမှတ် သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နေသည်။ **နေမျိုး၊ဓာတ်ပုံ-MFF**

## အားကစားမြှင့်တင်စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

## ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) ၌ ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plan-tation (Myanmar) တို့က အဓိက ကူညီပံ့ပိုးသော အဆိုပါပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (Amateur) ကစားသမား ၁၀၈ ဦး၊ သက်ကြီးတန်းဝါသနာရှင်အဆင့် (Senior Amateur) ကစားသမား အသက် ၅၅ နှစ်မှ ၆၀ အထိ ၁၉ ဦး၊ ၆၁ နှစ်မှ ၆၅ နှစ်အထိ ဦးရေ ၂၀၊ ၆၆ နှစ်မှ ၇၅ နှစ်အထိ ၁၂ ဦး စုစုပေါင်း ကစားသမား ၁၅၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် World Handicap ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် သက်ကြီးတန်း ဝါသနာရှင်အဆင့် ဆပ်ကော်မတီဥက္ကဋ္ဌတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ပွဲစဉ်အဖြစ် ၁၈ ကျင်း စတင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုစံ**

# မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရှိထားပိုင်ခွင့် လက်ရောက်ရလိုမှုစွဲဆိုခြင်းနှင့် ဆန့်ကျင်လက်ရှိထားခြင်း

**မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများသည် လူမှုအသိုင်းအဝိုင်းအတွင်း အများဆုံးဖြစ်ပွားလေ့ရှိသည့် ပြဿနာများဖြစ်ပြီး ယင်းအငြင်းပွားမှုများကို ဥပဒေအရ မှန်ကန်စွာ နားလည်သဘောပေါက်ခြင်း မရှိပါက တရားမမှုများ ကြန့်ကြာခြင်း၊ ကုန်ကျစရိတ် များပြားခြင်း၊ နစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။**

မြန်မာနိုင်ငံရှိ တရားရုံးများသည် လက်ရှိထားပိုင်ခွင့် (Possessory title) ကို တညီတညွတ်တည်း အသိအမှတ်ပြုခဲ့သည်။ ပိုင်ရှင်အသွင်ဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏ သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတစ်ပါး "ခပ်သိမ်းကုန်သော သူတို့နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် အခိုင်အမာရှိသည်။ ပိုင်ရှင်မဟုတ်သော အခြားသူက ထိုသို့လက်ရှိထားခြင်းကို အနှောင့်အယှက်ပြုလာလျှင် လက်ရှိထားသူသည် သီးခြားသက်သာခွင့်အက်ဥပဒေအရ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်။

ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းလက်ရှိဖြစ်သူသည် ထိုပစ္စည်းတွင် ဆိုင်ရေးဆိုင်ခွင့်ရှိ၍ ထိုဆိုင်ရေးဆိုင်ခွင့်ကို အမွေဆက်ခံရရှိသည်။ ထိုဆိုင်ရေးဆိုင်ခွင့်မှာ ပိုင်ဆိုင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သော သူတို့အပေါ် ခိုင်မာသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(စ) တွင် "ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်း" ဟုပါရှိသည်။ ယင်းကဲ့သို့ ဖော်ပြထားသည့် စကားရပ်တွင် စာချုပ်စာတမ်းအမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့် စာချုပ်စာတမ်း" နောက်တစ်မျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း"တို့ ဖြစ်သည်။

**(၁) လက်လွတ်ဖြစ်သွားခြင်း**

အချင်းဖြစ်ပစ္စည်းကို လက်လွတ်ဖြစ်သွားခြင်းသည် လက်ရှိဖြစ်သောသူကို အခြားသူတစ်ဦးက အမှန်တကယ် ဖယ်ထုတ်ခြင်းဖြစ်သည်။ လက်မဲ့ဖြစ်စေသူအနေဖြင့် ပြတ်ပြတ်သားသားနှင်ထုတ်ခြင်း၊ ဖယ်ထုတ်ခြင်းမရှိလျှင် လက်လွတ်ဖြစ်သွားခြင်း မရှိနိုင်ပေ။ ထိုသို့ဖယ်ရှားခြင်း၊ နှင်ထုတ်ခြင်းသည် ပစ္စည်းအပေါ်တွင် သီးသီးသန့်သန့် ထိန်းချုပ်မှုရရန် ရည်ရွယ်ချက်ဖြင့်သာလျှင် ပြုလုပ်ရမည်ဖြစ်သည်။

လက်ရှိဖြစ်သူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ လက်ရှိဖြစ်သူကို မောင်းထုတ်ခြင်းကို သက်သေထင်ရှားပြသရန်မှာ အရေးဆိုသူ၏ တာဝန်ဖြစ်သည်။ လက်ရှိဖြစ်ခြင်း၊ စွန့်လွှတ်ခြင်းသည် အချင်းဖြစ်ပစ္စည်းကို တစ်ဦးတစ်ယောက်က စွန့်ပစ်လိုသောကြံရွယ်ချက်ဖြင့် အမှန်တကယ်ထွက်ခွာသွားခြင်း၊ ထိုသို့ထွက်ခွာသွားပြီးနောက် အခြားသူက ဝင်ရောက်နေခြင်းဖြစ်သည်။

**(၂) လက်ရှိဖြစ်ခြင်းကို ဆက်လက်မပြုသည့်အခါ ထိုပစ္စည်း လက်ရောက်ရလိုမှု**

တရားလိုအဖြစ် တရားစွဲဆိုသူသည် အချင်းဖြစ်မြေကို လက်ရှိထားစဉ် အခြားသူတစ်ဦးက အတင်းဖယ်ရှားလျှင်သော်လည်းကောင်း၊ မိမိ၏ သဘောအတိုင်း ထိုလက်ရှိကို စွန့်လွှတ်လိုက်လျှင်သော်လည်းကောင်း ပြန်လည်လက်ရောက်ရလိုမှု တရားစွဲဆိုသည့် အခါ၌ အမှတ်စဉ် ၁၄၂ အရ ဖယ်ရှားခြင်းခံရသည့်နေ့ သို့တည်းမဟုတ် လက်ရှိစွန့်လွှတ်သည့်နေ့မှ (၁၂)နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။

**(၃) သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုမှုတွင် အဓိကစဉ်းစားရမည့် အချက်**

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့်အမှုတွင် အဓိက စဉ်းစားရန်အချက်မှာ တရားပြိုင်သည် ပစ္စည်းလက်ရှိဖြစ်သူ တရားလိုအား ၎င်း၏ သဘောတူညီမှုလည်း မရှိ၊ တရားရုံး၏ အမိန့်အရလည်း မဟုတ်ဘဲ လက်မဲ့ဖြစ်စေခဲ့သလားဆိုသည့်အချက်ဖြစ်သည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်နှင့် ခြားနားသည်။

> ❖ **မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ အထူးသဖြင့် မြေ၊ အိမ်၊ အဆောက်အအုံများနှင့် ပတ်သက်သော လက်ရှိပိုင်ဆိုင်မှု၊ လက်ရောက်ရလိုမှုနှင့် ဆန့်ကျင် လက်ရှိထားမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများကို သိရှိနားလည်လက်ခံကျင့်သုံးခြင်းဖြင့် ပြည်သူအချင်းချင်း ဖြစ်ပွားသော အငြင်းပွားမှုများ လျော့နည်းလာကာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို အထောက်အကူပြု**

ပုဒ်မ ၈ အရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ကို ပိုင်ခွင့်ဆိုင်ခွင့်ရှိသူသည် မိမိပိုင်ဆိုင်မှုကို အကြောင်းပြု၍ အဆိုပါပစ္စည်းကို လက်ရောက်ရယူခွင့်ရှိသည်။ ပုဒ်မ ၉ မှာ ပစ္စည်းလက်ရှိဖြစ်ခဲ့သူ တစ်ဦး၏ နစ်နာမှုကို အချိန်တိုအတွင်း သက်သာခွင့်ရစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

**(၄) တရားဝင်ပိုင်ဆိုင်သည့်အနေဖြင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုခြင်း**

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၈ တွင် သီးခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက်ရပိုင်ခွင့်ရှိသူသည် တရားမကျင့်ထုံးဥပဒေတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြန်ရနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ လက်ရောက်ရလိုမှုတွင် တရားမစွဲမီ (၁၂)နှစ်အတွင်းက အချင်းဖြစ်ပစ္စည်းမှာ တရားလို လက်ရှိဖြစ်ကြောင်းနှင့် တရားပြိုင်သည် ယင်းပစ္စည်းကို ဆိုင်ရေးဆိုင်ခွင့်မရှိဘဲ သိမ်းပိုက်ထားကြောင်း တရားလိုက သက်သေထူရန်ဖြစ်သည်။ အချင်းဖြစ်မြေကို လက်ရောက်ရရှိရန် မိမိဝယ်၍ တရားဝင်ပိုင်ဆိုင်သည့်အနေဖြင့် တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်း မရှိ၍ တောင်းဆိုသည့် သက်သာခွင့်ကို ရနိုင်ရန် အကြောင်းမရှိပေ။

**(၅) အမွေထိန်း သို့မဟုတ် အမွေထိန်းများအဖြစ်ဖြင့် သူတစ်စိမ်းလက်ဝယ်ရှိ အမွေဆိုင်ပစ္စည်းများကို လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်ခြင်း**

ပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်းထင်ရှားရန် လိုပေသည်။ အမွေဆိုင်ပစ္စည်းများသည် သူတစ်စိမ်းလက်ဝယ်ရှိနေ၍ လက်ရောက်ရလိုကြောင်း စွဲဆိုလိုလျှင် အမွေဆိုင်တစ်ဦးဖြစ်စေ၊ တစ်ဦးထက်ပိုသူတို့က ဖြစ်စေ အမွေပုံပစ္စည်းများကို ထိန်းသိမ်းနိုင်ရန်အတွက် အမွေထိန်းစာ လျှောက်ထားတောင်းယူပြီးနောက် အမွေထိန်း သို့မဟုတ် အမွေထိန်းများအဖြစ်ဖြင့် သူတစ်စိမ်းလက်ဝယ်ရှိ အမွေဆိုင်ပစ္စည်းများကို လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်ပေသည်။

**(၆) အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ဆက်ခံသူတစ်ဦးဦးအား ခန့်ထားပေးရန်ဖြစ်ခြင်း**

အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရခြင်းသည် အမွေဆက်ခံပိုင်ဆိုင်ခြင်းနှင့် သဘောသဘာဝအားဖြင့် မတူ၊ ကွဲပြားခြားနားပါသည်။ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ပေးဆပ်ပြီးနောက် ကျန်ရစ်သောပစ္စည်းတို့ကို ကွယ်လွန်သူ၏ မိသားစုဥပဒေအရ ကွယ်လွန်သူ၏ အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးအတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦးဦးအား ခန့်ထားပေးရန်ဖြစ်သည်။

တစ်နည်းအားဖြင့် အမွေထိန်းလက်မှတ်စာရခြင်းသည် ထိုလက်မှတ်နှင့် သက်ဆိုင်သည့်ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့်ရရှိခြင်းသာဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ပေးခြင်း မဟုတ်ပါ။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်မျိုးကို အဆုံးအဖြတ်ပေးခွင့်မရှိပေ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇(၂) တွင် အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသည့် တရားရုံး၏ ခွင့်ပြုချက်ရရှိလျှင် အမွေထိန်းတစ်ဦးတစ်ယောက်သည် ယင်းအက်ဥပဒေပုဒ်မ ၂၁၁ အရ ၎င်းအား လွှဲအပ်ထားရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို ပြုလုပ်နိုင်ခွင့်ရှိပါသည်။

အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးသည် အမွေဆိုင်အားလုံးကိုယ်စားပစ္စည်းကို စီမံခန့်ခွဲခွင့်ရရှိခြင်းဖြစ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက ၎င်းအား လွှဲအပ်ထားသည့်ပစ္စည်းများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း ပြုလုပ်နိုင်သည်ဖြစ်၍ ယင်းသို့ပြုလုပ်ခွင့်ရရှိရန်အတွက် ပစ္စည်းကို ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခွင့် တောင်းခံရန်မလိုပါ။ အခြားသက်ဆိုင်ရာ ဌာနများကလည်း အမွေဆိုင်အားလုံး၏ကိုယ်စား **အမွေထိန်းလက်မှတ်စာရရှိသူတစ်ဦး၏ စီမံခန့်ခွဲမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။**

**(၇) အစိုးရဂရန်ရရှိထားသူသည် ကျူးကျော်သူအား ဂရန်သက်တမ်းအတွင်းတွင် တရားစွဲဆိုခြင်း**

ဂရန်ချထားခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းထားရှိသည်။ အောက်မြန်မာပြည်မှ မြေများသည် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေနှင့် သက်ဆိုင်ပြီး အထက်မြန်မာပြည်ရှိမြေများမှာ အထက်မြန်မာပြည်နှင့် အခွန်တော်စည်းမျဉ်းဥပဒေတွင် အကျုံးဝင်သည်။ အဆိုပါဥပဒေများအရ အစိုးရက ချထားပိုင်ခွင့်ရှိသည့် မြေများတွင် လူနေထိုင်ရန်အတွက် ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက် ဖြစ်စေ၊ ဂရန်၊ အငှားဂရန်နှင့် လိုင်စင်များ ချထားပေးသည်။ မြို့မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးသော မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလုပ်ငန်းများလုပ်ကိုင်ရန် အငှားသက်တမ်း နှစ် ၃၀ ခွင့်ပြုပြီး နှစ် ၃၀ ကုန်ဆုံးတိုင်း နောက်ထပ် နှစ် ၃၀ စီနှင့် စုစုပေါင်း နှစ် ၉၀ အထိ လဲလှယ်လုပ်ကိုင်ခွင့်ရှိသည့် မြေငှားစာချုပ်ကို ဂရန်ဟုခေါ်ဆိုသည်။

ကျော်ကျော်(တရားရေး)

အစိုးရဂရန်ရရှိထားသူသည် ကျူးကျော်သူအား ဂရန်သက်တမ်းအတွင်းတွင် တရားစွဲဆိုရာ အမှုအတောအတွင်း ဂရန်သက်တမ်း ကုန်ဆုံးသွားစေကာမူ လက်ရောက်ရခွင့်ရှိသည်ဟု ပြဆိုသည်။

အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၅(က) ပြဋ္ဌာန်းချက်အရ အစိုးရက ဂရန်ထုတ်ပေးထားခြင်းမျိုးမရှိသော အစိုးရပိုင်မြေပေါ်တွင် နေထိုင်သူသည် အမွေဆက်ခံခွင့်၊ လွှဲပြောင်းပိုင်ခွင့် မရှိပေ။ **အစိုးရက ဂရန်ထုတ်ပေးမှသာလျှင် ထိုမြေနှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရရှိသည်။**

**(၈) မြေအမည်ပေါက်ပြောင်းလဲခြင်း**

မြေအမည်ပေါက်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်၄(ခ)တွင် မြေအမည်ပေါက်ပြောင်းလဲရန် လျှောက်ထားသူသည်ဌာနမှ သတ်မှတ်ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေပိုင်မြေဖြစ်ပါက အမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်ပါက မြေငှားဂရန် (နောက်ဆုံးထမ်းဆောင်ထားသည့် မြေခွန်ပြေစာပူးတွဲလျက်)၊ စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူဖြစ်ပါက မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအမိန့် ရရှိထားသူဖြစ်ပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးက ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီမူရင်းများ တင်ပြလျှောက်ထားရမည်ဟု ထုတ်ပြန်ထားသည်။

**(၉) မြေကိုလက်ရှိထားပိုင်ခွင့်ကို ရလိုပါက လျှောက်ထားနိုင်ခြင်း**

မြေကိုလက်ရှိထားသူတစ်ဦးတစ်ယောက်သည် မြေကိုလက်ရှိထားပိုင်ခွင့်ကို ရလိုပါက အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများအက်ဥပဒေပုဒ်မ ၁၂ အရ အခွန်အရာရှိထံ လျှောက်ထားနိုင်သည်။ အခွန်အရာရှိက လျှောက်ထားမှုကို လက်ခံရရှိသည့်အခါ ပုဒ်မ ၁၃ အရ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းနှင့်အညီ အများပြည်သူသိစေရန် ကြေညာရသည်။

**(၁၀) ကာလစည်းကမ်းသတ်ကို အကြောင်းပြု၍ ချေပခြင်းပင် မပြုသော်လည်း ပလပ်ရခြင်း၊ မိမိသဘောဆန္ဒအလျောက် ပြဿနာကို ဖော်ထုတ်ဆုံးဖြတ်ရန် တာဝန်ရှိခြင်း**

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ တွင် စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ စွဲဆိုသည့် တရားမကြီးမှု၊ အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလစည်းကမ်းသတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းပင် မပြုသော်လည်း ပလပ်ရမည်ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၄ အရ အဆိုလွှာတွင် တရားလိုဖြစ်သူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုဖြစ်စေ ရလိုကြောင်း စွဲဆိုရာတွင် တရားပြိုင်ဖြစ်သူ လက်ရှိထားခြင်းအတွက် တရားလိုနှင့် ဆန့်ကျင်လာသည့် **အချိန်မှစ၍ (၁၂)နှစ်အတွင်း** တရားစွဲဆိုရပေမည်။

ကာလစည်းကမ်းသတ်ပြဿနာမှာ တရားရုံးရှေ့မှောက်ရှိ ဝန်ခံထားသော သို့မဟုတ် သက်သေထင်ရှားပြပြီးဖြစ်သော အကြောင်းခြင်းရာများအရ အဆုံးအဖြတ်ပေးနိုင်သည့် ဥပဒေဆိုင်ရာပြဿနာ သက်သက်ဖြစ်လျှင် တရားရုံးသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ အရ မိမိသဘောဆန္ဒအလျောက် ပြဿနာကို ဖော်ထုတ်အဆုံးအဖြတ်ပေးရန် တာဝန်ရှိသည်။

*စာမျက်နှာ ၁၁ သို့*

# ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်အတွက် နည်းပညာများလွှဲပြောင်းခြင်းအခမ်းအနားကျင်းပ




**ကျောက်ဆည် ဩဂုတ် ၃**

ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်အတွက် နည်းပညာများ လွှဲပြောင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဇီဝနည်းပညာ သုတေသနဦးစီးဌာန၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ကျောက်ဆည် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်ခံ) ဒေါက်တာအေးအေးခိုင်၊ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် တာဝန်ခံ ဒေါက်တာခိုင်ဇော်နိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း၊ အသေးစားစက်မှုဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နည်းပညာလွှဲပြောင်းရယူမည့် ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေတို့ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အမှာစကားပြောကြားပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာ အေးအေးခိုင်က ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသို့ နည်းပညာများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုထိပ်(မန္တလေး)**

## အေအိုင်နှင့် ကျွန်တော် (၁၀)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင်နေ့စဉ် အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကိုမေးမိသည့်မေးခွန်း၏ အဖြေအရ သတိထားဆက်ဆံရမည့်သူများနှင့် ပတ်သက်၍ အကြံပြုချက်များကို ယခုလို မှတ်တမ်းပြုမိလိုက်ပါသည်။

မေးခွန်း – စိတ်ဆိုးဒေါသထွက်လွယ်သူ၊ မြောက်ပင့်ပြောဆိုတာ ကြိုက်တတ်သူ၊ အငြိုးအတေးထားတတ်သူကို ဘယ်လို ချဉ်းကပ်ရမလဲ။ ဘယ်လို သတိထားဆက်ဆံဖို့လိုသလဲ။

အဖြေ – စိတ်ဆိုးဒေါသထွက်လွယ်ခြင်း၊ မြောက်ပင့်စကား ကြိုက်တတ်ခြင်းနှင့် အငြိုးအတေးထားတတ်ခြင်းဆိုသည့် စိတ်နေသဘောထားမျိုးရှိသူများနှင့် ဆက်ဆံရတာတကယ်ပဲ သတိကြီးကြီးထားရပြီး စိတ်မောစရာ ကောင်းပါတယ်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးနှင့် အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်ရန်အတွက် **ချဉ်းကပ်ပုံ နည်းလမ်းများ** နှင့် **အထူးသတိထားရမည့်အချက်များ**ကို အောက်ပါအတိုင်း မျှဝေပေးလိုက်ပါတယ်။

**၁။ ချဉ်းကပ်ပုံ နည်းလမ်းများ (How to Approach)**

- **စကားကို ချိုးမွမ်းစကားဖြင့် စတင်ပါ။** မြှောက်ပင့်တာ ကြိုက်တတ်သူဖြစ်သည့်အတွက် စကားစပြောသည့်အခါ သို့မဟုတ် ကိစ္စတစ်ခု အကူအညီတောင်းသည့်အခါ အသိအမှတ်ပြုစကား၊ ချိုးမွမ်းစကား အနည်းငယ်ဖြင့် စတင်ပါ။ သို့သော် လွန်လွန်ကဲကဲမဖြစ်စေဘဲ **သဘာဝကျကျ ချိုးမွမ်းရန်** လိုအပ်ပါသည်။
- **နားထောင်သူအဖြစ် အဓိကနေပေးပါ။** ထိုသို့သောသူများသည် မိမိကိုယ်ကို ဗဟိုပြုလေ့ရှိသဖြင့် ၎င်းတို့၏ စကားကို စိတ်ရှည်လက်ရှည် နားထောင်ပေးခြင်းက ၎င်းတို့၏ ဒေါသနှင့် သံသယစိတ်ကို လျော့ကျစေပါသည်။
- **ပျော့ပျောင်းသော စကားလုံးနှင့် အသံအနိမ့်အမြင့်ကို သုံးပါ။** စကားပြောသည့်အခါ အမိန့်ပေးသံ သို့မဟုတ် ပြိုင်ဆိုင်လိုသည့် လေသံမျိုး ရှောင်ပြီး ပျော့ပျောင်း၊ ငြိမ်သက်သော လေသံဖြင့်သာ ပြောဆိုချဉ်းကပ်ပါ။

**၂။ ဘာတွေကို အထူးသတိထား ဆက်ဆံရမလဲ (Things to Watch Out For)**

**ခတ်ပြားပြားဟောင်း ပြန်မဖော်ပါနှင့် (အငြိုးအတေး သတိထားရန်)**

- **စကားလွန်စရာ မလုပ်ပါနှင့်။** ၎င်းတို့သည် အမှားသေးသေးလေးကိုပင် အမှတ်တရ မှတ်ထားပြီး အငြိုးထားတတ်သဖြင့် စကားပြောသည့်အခါ ရိုင်းစိုင်းသော၊ စော်ကားသလိုဖြစ်စေသော စကားမျိုး လုံးဝမပြောမိပါစေနှင့်။
- **ငြင်းခုံခြင်းကို ရှောင်ပါ။** အမှား၊ အမှန် ခွဲခြားပြဖို့ ငြင်းခုံခြင်းသည် ၎င်းတို့၏ ဒေါသကို မီးလောင်ရာလေပင့်ဖြစ်စေပြီး သင့်အပေါ် အငြိုးထားသွားစေနိုင်ပါတယ်။

**တိုက်ရိုက်ဝေဖန်ခြင်း မပြုပါနှင့် (ဒေါသနှင့် မြှောက်ပင့်မှု သတိထားရန်)**

- **ဝေဖန်ချင်ပါက "အင်း-ဒါပေမဲ့ (Sandwich Method)" ကိုသုံးပါ။** တိုက်ရိုက် အမှားထောက်ပြမည့်အစား အရင်ဆုံးကောင်းကွက်ကို အသိအမှတ်ပြုပါ၊ ပြီးမှ ပြင်ဆင်စေချင်သည့်အချက်ကို အကြံပြုသည့်သဘောပြောပါ၊ ထို့နောက် အားပေးစကားဖြင့် အဆုံးသတ်ပါ။
- **မြှောက်ပင့်စကား အလွန်အကျွံ မပြောပါနှင့်။** မြှောက်ပင့်တာ ကြိုက်သည်ဆိုသော်လည်း လွန်ကဲသွားပါက စိတ်မရိုးသားဟု သံသယဝင်သွားနိုင်သလို၊ နောက်ပိုင်းတွင် သင့်အပေါ် ပိုမိုဗိုလ်ကျလာနိုင်ပါတယ်။

**မိမိကိုယ်ကို ကာကွယ်ပါ (Boundary ထားရှိရန်)**

- **ကိုယ်ရေးကိုယ်တာကိစ္စများ အလွန်အကျွံ မမျှဝေပါနှင့်။** နောက်ပိုင်းတွင် အကြောင်းတစ်ခုခုကြောင့် စိတ်ဝမ်းကွဲပါက သင့်၏အားနည်းချက်များကို အသုံးချပြီး ပြန်လည်တိုက်ခိုက်နိုင်သဖြင့် လျှို့ဝှက်ချက်များကို မဝေမျှပါနှင့်။
- **အကွာအဝေးတစ်ခု ခြားထားပါ။** ပေါင်းသင်းရသည်မှာ စိတ်ပင်ပန်းလွန်းပါက လိုအပ်သလောက်သာ စကားပြောပြီး ယဉ်ကျေးသည့် အကွာအဝေးတစ်ခု (Professional Distance) ကို ထိန်းသိမ်းထားပါ။

**အနှစ်ချုပ်အနေဖြင့်**

ထိုသို့သောသူများနှင့် ဆက်ဆံရာတွင် **"မဆန့်ကျင်ပါနှင့်၊ မတိုက်ခိုက်ပါနှင့်၊ သို့သော် လုံးဝရင်းနှီးကျွမ်းဝင်လွန်းအောင်လည်း မနေပါနှင့်"** ဆိုသည့်မူကို ကိုင်စွဲထားခြင်းက မိမိ စိတ်ချမ်းသာဖို့အတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

*စာမျက်နှာ ၁၀ မှ*

ကာလစည်းကမ်းသတ်ပြဿနာသည် အမှုတစ်ခုလုံးဆုံးဖြတ်ရန် အရေးပါသော ပြဿနာဖြစ်သည်။ မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီး အချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်။

**(၁၁) တရားပြိုင်ဖြစ်သူ လက်ရှိထားခြင်းအတွက် တရားလိုနှင့် ဆန့်ကျင်လာသည့် အချိန်မှစ၍ ၁၂ နှစ် အတွင်း တရားစွဲဆိုခြင်း**

မြေကို သာမန်လက်ရှိထားခြင်းနှင့် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထားခြင်းမှာ ခြားနားသည်။ ကာလစည်းကမ်းသတ်ပြဿနာနှင့် စပ်လျဉ်း၍ သာမန်လက်ရှိထားခြင်းကို စဉ်းစားရန်မလိုဘဲ တရားလိုအား ဆန့်ကျင်လက်ရှိထားခြင်းမျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ကျူးကျော်သူအား နှင်ထုတ်ပိုင်ခွင့်ကိုကျူးကျော်သည့်နေ့တွင် သက်ဆိုင်ရာမြေရှင် သို့မဟုတ် မြေကို လက်ရှိထားသူက ရရှိသည်။ ကျူးကျော်သူအား ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့် ထပ်တလဲလဲ ပေါ်ပေါက်သော အခွင့်အရေးမျိုးမဟုတ်၊ ကျူးကျော်သည့်နေ့တွင် စတင်ပေါ်ပေါက်သည့် စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍ စတင်ရေတွက်ရမည်ဖြစ်သည်။

**(၁၂) ဆန့်ကျင်လက်ရှိပိုင်ဆိုင်ခွင့်**

မြေဂရန်ကို သာမန်လက်ရှိထားခြင်းနှင့် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထားခြင်းမှာ ခြားနားသည်။ ကာလစည်းကမ်းသတ်ပြဿနာနှင့် စပ်လျဉ်း၍ သာမန်လက်ရှိထားခြင်းကို စဉ်းစားရန်မလိုဘဲ တရားလိုအား ဆန့်ကျင်လက်ရှိထားခြင်းမျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ပစ္စည်းလက်ရောက်ရလိုကြောင်း တရားစွဲဆိုရာတွင် ကာလစည်းကမ်းသတ် အက်ဥပဒေအရ ကန့်သတ်ထားသည့် ကာလကုန်ဆုံးသောအခါတွင် ထိုပစ္စည်း၏ ပိုင်ဆိုင်ခွင့်သည် ကုန်ဆုံးပြတ်စဲသွားသည်။ ယင်းပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ ကျူးကျော်သူက ပိုင်ရှင်အား ဆန့်ကျင်၍ ဝင်ရောက်နေထိုင်မှုသည် (၁၂) နှစ်ကျော် လွန်သွားပါက ဆန့်ကျင်ဘက် လက်ရှိပိုင်ဆိုင်ခွင့် (Adverse possession) ရသွားသည်။

ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၁၄၄ အရ သတ်မှတ်သည့် ကာလစည်းကမ်းသတ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။ ထိုသို့တရားစွဲဆိုရာ၌ မြေလက်ရှိရသူ တရားခံသည်၊ တရားစွဲဆိုသူ တရားလိုအား စတင်၍ ဆန့်ကျင် **လက်ရှိနေသည့်ရက်မှ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။**

တရားလိုတို့သည် အချင်းဖြစ်မြေကို လက်ရှိမရခဲ့ဖူးသည့်အတွက် တရားလိုတို့ စွဲဆိုသည့် အမှုမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ နှင့် အကျုံးဝင်မည်ဖြစ်သည်။ အမှတ်စဉ် ၁၄၄ အရ တရားပြိုင်၏ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အခါကစ၍ (၁၂)နှစ်အတွင်း အမှုစွဲဆိုရမည်ဖြစ်သည်။ ဆန့်ကျင်လက်ရှိထားသည်ဆိုသည်မှာ အမှန်တကယ်လက်ရှိထားခြင်းရှိရမည့်အပြင် ပိုင်ရှင်ကဲ့သို့ ထင်ထင်ပေါ်ပေါ် ကျူးကျော်လက်ရှိဖြစ်ခြင်းကို ဆိုလိုသည်။ ဆန့်ကျင်လက်ရှိမြောက်ရန် ကိုယ်ထိလက်ရောက် သီးခြားလက်ရှိထားမှုသည် ပွင့်လင်းရမည်၊ **ဆန့်ကျင်ရမည်၊ ပိုင်ရှင်အဖြစ် လက်ရှိထားရန် ကြံရွယ်ချက်ရှိရမည်ဖြစ်သည်။**

ဆန့်ကျင်လက်ရှိထားသည်ဆိုသည်မှာ အမှန်တကယ် လက်ရှိထားခြင်းရှိရမည့်အပြင် ပိုင်ရှင်ကဲ့သို့ ထင်ထင်ပေါ်ပေါ် ကျူးကျော်လက်ရှိဖြစ်ခြင်းကို ဆိုလိုသည်။ ဆန့်ကျင်လက်ရှိမြောက်ရန် ကိုယ်ထိလက်ရောက်သီးခြားလက်ရှိထားမှုသည် ပွင့်လင်းရမည်၊ **ဆန့်ကျင်ရမည်၊ ပိုင်ရှင်အဖြစ် လက်ရှိထားရန် ကြံရွယ်ချက်ရှိရမည် ဖြစ်သည်။**

**(၁၃) တရားစွဲဆိုရမည့်သူ၌ ပစ္စည်းတွင် အခွင့်အရေး မရှိတော့ခြင်း**

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ သည်ဆန့်ကျင်လက်ရှိထားသူ၏ ပိုင်ဆိုင်ခွင့်ရသွားပြီဟု ပြဋ္ဌာန်းထားခြင်းမဟုတ်။ တရားစွဲဆိုရမည့်သူ၌ ပစ္စည်းတွင် အခွင့်အရေးမရှိတော့ကြောင်းသာ ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို့ကြောင့် မူလရုံးက တရားလိုသည် ဆန့်ကျင်လက်ရှိထားခြင်းဖြင့် ပိုင်ရှင်အဖြစ်သို့ မရောက်ဟုဆိုကာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးမဝင်သဖြင့် စွဲဆိုသောအမှုကို ပလပ်ခြင်းမှာမှားသည်ဟု မဆိုနိုင်ပေ။

**(၁၄) အမှုကို ပြီးပြတ်စေနိုင်သော အမှန်တရားကို ဆောလျင်စွာ စရိတ်ကျဉ်းကျဉ်းဖြင့် အမြင့်ဆုံးအယူခံအဆင့်အထိ တက်ရောက်၍ အဆုံးအဖြတ်ခံယူနိုင်ခြင်း**

တရားမမှုတွင် တစ်ဖက်တစ်ချက် အဆိုအချေတို့မှ ရုံးကကောက်ချက် အသီးသီးတွက်၍ စစ်ဆေးရသည်။ ယင်းကောက်ချက်တို့တွင် တရားစွဲဆိုပိုင်ခွင့်ရှိ၊ မရှိ ဥပမာကာလစည်းကမ်းသတ်လွန်နေ၊ မနေ စသော ဥပဒေပြဿနာပါလာတတ်သည်။ ယင်းကဲ့သို့သော ပြဿနာကို ပြည့်စုံစွာစစ်ဆေး၍ ဦးစွာဆုံးဖြတ်လျှင် အခြားကောက်ချက်များကို စစ်ဆေးရန်မလိုဘဲ အမှုပြီးပြတ်သွားနိုင်သည်။

အဓိကကျသည့် အခြေခံဖြစ်သော အမှုလုံး၏ အနိုင်အရှုံးကို ဆုံးဖြတ်နိုင်သော ပထမကောက်ချက်ပေါ်တွင် ရုံးကအဆုံးအဖြတ်ပေးလျှင် ယင်းဆုံးဖြတ်ချက်မှ အယူခံဝင်ကာ၊ အယူခံဆုံးဖြတ်ချက်ကို မကျေနပ်သူက နောက်တစ်ဆင့်တက်၍ အခွင့်ထူး အယူခံဝင်ခွင့်ကိုပင် လျှောက်ထားနိုင်ခွင့်ရှိအပ်သည်။ သို့မှသာလျှင် အမှုကိုအမြစ်ရင်းမှ ဖြိုနိုင်စေသော၊ အမှုကိုပြီးပြတ်စေနိုင်သော အမှန်တရားကို ဆောလျင်စွာ စရိတ်ကျဉ်းကျဉ်းဖြင့် အမြင့်ဆုံးအယူခံအဆင့်အထိ တက်ရောက်၍ အဆုံးအဖြတ်ခံယူနိုင်ရန်ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ အထူးသဖြင့် မြေ၊ အိမ်၊ အဆောက်အအုံများနှင့် ပတ်သက်သော လက်ရှိပိုင်ဆိုင်မှု၊ လက်ရောက်ရလိုမှုနှင့် ဆန့်ကျင်လက်ရှိထားမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများကို သိရှိနားလည် လက်ခံကျင့်သုံးခြင်းဖြင့် ပြည်သူအချင်းချင်း ဖြစ်ပွားသော အငြင်းပွားမှုများ လျော့နည်းလာကာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို အထောက်အကူပြုနိုင်စေရန် စုဆောင်းတင်ပြအပ်ပါသည်။ ။

# အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ဆဲ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ အဆောက်အအုံများနှင့် နိုင်ငံပိုင်စက်/ယာဉ် ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ မီးစက်များ၊ အရည်အသွေးထိန်းသိမ်းရေးရုံးရှိ ပစ္စည်းကိရိယာများ၊ မိုးလေဝသနှင့် ဇလဗေဒ တိုင်းတာရေးစခန်းရှိ တိုင်းတာရေးကိရိယာပစ္စည်းများ၊ နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများအား ခိုးယူ/ဖျက်ဆီးခြင်းခံခဲ့ရကာ ကျောက်မဲမြို့ စီမံကိန်းအခြေစိုက်စခန်း အတွင်းရှိ ရုံးအဆောက်အအုံတစ်လုံးနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနေအိမ်တစ်လုံးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအချိန်တွင် ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုကြောင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်း အခြေစိုက်စခန်းတွင် ငွေကျပ်သန်း ၈၀၀ ခန့်နှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် အဆောက်အအုံများနှင့် မြို့ပြတည်ဆောက်မှု လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်/ယာဉ် ယန္တရားများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက် ငွေကျပ် ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသိရှိနိုင်ရန် အဆိုပါပစ္စည်းများ တင်သွင်းတပ်ဆင်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံထားသော နိုင်ငံခြားကုမ္ပဏီနှင့် ဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ ပူးပေါင်း၍ အသေးစိတ်စစ်ဆေးခြင်းနှင့် တန်ဖိုးသင့်တွက်ချက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီးနောက် ကျောက်မဲမြို့ပေါ်ရှိစီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းသို့သက်ဆိုင်ရာတပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်း အခြေစိုက်စခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျောက်မဲမြို့တွင် နိုင်ငံ

### အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတည်နေရာပြမြေပုံ




ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက် မိုင် ၂၀ ခန့်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိပါသည်။

တော်ဓာတ်အားစနစ်မှ လျှပ်စစ်မီး ပြန်လည်ရရှိသည်နှင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ထရန်စဖော်မာများ ပြန်လည်တပ်ဆင်၍ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တပ်ဆင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းတွင် စီမံကိန်းအဝင်လမ်းများ ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စီမံကိန်းရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေမီးရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက်မိုင် (၂၀) ခန့်အကွာ၊ တောင်ခြေကျေးရွာအနီး ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်)ပေါ်တွင် တည်ရှိသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း(၂၈၀ မဂ္ဂါဝပ်) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ (၅၃ ဒသမ ၉၅) ရာနှုန်းကို ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပျမ်းမျှလျှပ်စစ်ဓာတ်အားယူနစ် ၁၄၀၉ သန်း နှစ်စဉ်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံလူဦးရေ (၃ ဒသမ ၇) သန်းအား လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

### အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ ပျက်စီးဆုံးရှုံးမှုများ





### ကျောက်မဲမြို့ပေါ် အခြေစိုက်စခန်းဝင်း ဖျက်ဆီးခံခဲ့ရမှုနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ



### အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ ပျက်စီးဆုံးရှုံးမှုများ





# တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မ----၊ ၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ မ----၊ ၂၃ နှစ်တို့သည် လှိုင်သာယာစက်မှုဇုံရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်သွားရောက်လျှောက်ထားစဉ် ၎င်းတို့နှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ ခင်သီတာပြုံး (ခ) မသီတာက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ခန့်ရရှိမည်၊ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟုပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံရှိ ခင်ပိုပိုသက်နှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခင်သီတာပြုံး(ခ)သီတာကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခင်ပိုပိုသက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့၊ ရဲမွန်တောင်ရပ်ကွက်ရှိ ပန်းပျိုးခင်း KTV တွင် အလုပ်လုပ်ကိုင်နေသူ မ----၊ ၃၁ နှစ်ကို ၎င်းနှင့် ခင်မင်ရင်းနှီးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းလေးကျွန်းအရှေ့ကျေးရွာနေ အေးမာမှ တရုတ်ဇနီးမယားအဖြစ်ဆောင်ရွက်လိုက အဆက်အသွယ်ရှိကြောင်း၊ တစ်နှစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ ကျော်လှိုင်(ခ)အားလှိုင်ထံ ဖုန်းဖြင့်ဆက်သွယ်၍ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၉)မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ အေးမာကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရအလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကျော်လှိုင်(ခ)အားလှိုင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ ကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ ကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၁ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သဘာဝဘေးပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းပေး

**မော်လမြိုင် ဩဂုတ် ၃**

သဘာဝဘေးဖြစ်ပွားလျှင် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူမည့် ကဏ္ဍအလိုက် မေးခွန်းလွှာပုံစံများ ရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့



နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်တာဝန်ခံ ဒေါ်ဖြူပြာထွန်းက သင်တန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြကာ သင်တန်းသား သင်တန်းသူများအား မေးခွန်းလွှာပုံစံဖြည့်စွက်ခြင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေး သင်တန်းကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ် အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းတို့ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျောင်းသားလူငယ်များအနေဖြင့် စာပေဖတ်ရှုခြင်းမှ အသိပညာ ဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့်စာဖတ်ရှိန် မြင့်မားလာကာ စာကောင်းပေကောင်းများကို လေ့လာတတ်စေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပပေးရခြင်း ဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားမှူးက စာရေးဆရာကြီး ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိအား ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့်အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသားများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



# မအူပင်မြို့၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်/ပြုပြင်မှုသင်တန်းဖွင့်

**မအူပင် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင် / ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) တောင်သူ သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၅)အလတ်စားစက်ပြင်အလုပ်ရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အမှာစကား ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များဖြစ်သည့်စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိရာ လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ် သုံးစွဲတတ်ရန်ရည်ရွယ်၍ သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်းနှင့် မအူပင်ခရိုင်အတွင်း ယခုနှစ်၌ သင်တန်း သုံးကြိမ် ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အောင်မြင့်မြတ်**
**(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းသုံး စားအုန်းဆီ လစဉ်ခွဲတမ်းရရှိထားသောလုပ်ငန်းရှင်များ လုပ်ငန်းခွင်အတွင်း အမှန်တကယ်အသုံးပြုခြင်း ရှိမရှိ ခရိုင်စက်မှုလုပ်ငန်းသုံး စားအုန်းဆီထုတ်ယူဖြန့်ဖြူးမှုကြီးကြပ်ရေးအဖွဲ့မှ ဩဂုတ် ၂ ရက်က မြေပြင်ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်စဉ်။ အေးမိုး(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကား ပြောကြားပြီး သင်တန်းသားများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ငြိမ်းနှင့်အဖွဲ့ဝင်များက တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူစဉ်။ ချစ်ဦးနွေ(မြင်းခြံ)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဟိန်းတို့က အမှာစကားပြောကြားစဉ်။ မျိုးမင်း(ပြန်/ဆက်)

# ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံ

**ရန်ကုန် ဩဂုတ် ၃**

ခွေးရူးပြန်ရောဂါကာကွယ်တိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက်က ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်အရှေ့ရပ်ကွက် ဘုရားငါးဆူစမ္မာရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သက်မာနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး အလုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့က အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက်မကျည်းတန်းမြောက်၊ အရှေ့နှင့်သာစုအနောက်ရပ်ကွက်အတွင်းရှိ ခွေးများအား ခွေးရူးပြန်ခြင်းမှကာကွယ်ရန် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ဝါရှင်တန်ပြည်နယ်၌ တောမီးလောင်မှုများကြောင့် လူခြောက်သောင်းခန့် ဘေးလွတ်ရာရွှေ့ပြောင်း



**ဆန်ဖရန်စစ္စကို ဩဂုတ် ၃**
အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်း ဝါရှင်တန်ပြည်နယ် စပို့ကိန်းမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် တောမီးသုံးခု အရှိန်အဟုန်ဖြင့် ကူးစက်လောင်ကျွမ်းသဖြင့် ဩဂုတ် ၂ ရက်နောက်ဆုံးထားပြီး လူပေါင်း ၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထားကြောင်း ဒေသတာဝန်ရှိသူများက ပြောသည်။

ယင်းတောမီးများကြောင့် ဒေသခံများ၏ နေအိမ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားအဆောက်အအုံပေါင်း ၆၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။ ဩဂုတ် ၂ ရက်မွန်းလွဲပိုင်းအထိ တောမီးများကြောင့် ထိခိုက်သေဆုံးမှုများနှင့် ပတ်သက်ပြီး အစီရင်ခံဖော်ပြထားခြင်း မရှိသေးကြောင်း၊ ထို့အပြင် ပျောက်ဆုံးသူလည်း မရှိသေးကြောင်း သိရသည်။

ဩဂုတ် ၂ ရက်အထိ ဧက ၅၃၉၀ (၂၂ စတုရန်းကီလိုမီတာ) မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် မီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ဗဟိုစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ လေပြင်းတိုက်ခတ်မှုများ၊ အပူချိန်မြင့်မားမှုများနှင့် သစ်တောသစ်ပင်များခြောက်သွေ့မှုများကြောင့် တောမီးလောင်ကျွမ်းမှုမှာ လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း၊ စပို့ကိန်းမြို့ ဒေသအများအပြားတွင်လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားကြောင်းနှင့် ဝါရှင်တန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဘော့ဖာဂူဆန်က ပြည်နယ်တစ်ဝန်း တောမီးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယား၌ စံချိန်တင်အပူချိန်မြင့်တက်သဖြင့် အပူလျှပ်သူ ၁၈၈၉ ဦးအထိ ရှိလာ

**ဆိုးလ် ဩဂုတ် ၃**
တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းကျရောက်မှုဖြစ်ပွားပြီး ဩဂုတ် ၂ ရက်က ဂျောင်ဆန်းပြည်နယ် တောင်ဘက်ပိုင်းရန်ဆန်မြို့တွင် အပူချိန် ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ စံချိန်တင်ခဲ့ကြောင်း သိရသည်။

ယင်းအပူချိန်သည် မှတ်တမ်းစတင်ကောက်ယူသည့် ၁၉၀၄ ခုနှစ်မှစတင်ကာ တောင်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံးအပူချိန်ဖြစ်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောသည်။ ထို့အပြင် အဆိုပါပြည်နယ်ရှိ ဂျောင်ဂျူမြို့တွင်လည်း ဩဂုတ် ၂ ရက်က အပူချိန် ၄၀ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်စ် ရှိခဲ့သည်။




တည်ငြိမ်သော လေဖိအားမြင့်ရပ်ဝန်းတစ်ခုကြောင့် အပူချိန်မြင့်တက်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါလေဖိအားမြင့်ရပ်ဝန်းကြောင့် ဂျပန်နိုင်ငံကျူရှူးဒေသတွင်လည်း အပူချိန်လွန်ကဲမှုဖြစ်ပွားနေကြောင်း တာဝန်ရှိသူများက ပြောသည်။ တောင်ကိုရီးယားနိုင်ငံတွင် မေ ၁၅ ရက်မှ ဩဂုတ် ၁ ရက်အကြား အပူလျှပ်ဖြစ်ပွားသူပေါင်း ၁၈၈၉ ဦးရှိပြီး ၁၄ ဦး သေဆုံးကြောင်း အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## တူကီယဲနိုင်ငံ ဘော့စပရပ်စ်ရေလက်ကြား၌ မြူထူထပ်စွာကျရောက်သဖြင့် ရေကြောင်းသွားလာမှု ရပ်ဆိုင်း

**အစ္စတန်ဘူလ် ဩဂုတ် ၃**
မြူထူထပ်စွာ ကျရောက်မှုကြောင့် ကမ္ဘာ့အရေးပါသော ရေလမ်းကြောင်း တစ်ခုဖြစ်သည့် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဘော့စပရပ်စ်ရေလက်ကြားအတွင်း ရေကြောင်းသွားလာမှုကို ဩဂုတ် ၃ ရက်တွင် ရပ်ဆိုင်းထားကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

ဘော့စပရပ်စ်ရေလက်ကြားသည် ပင်လယ်နက်ကို နိုင်ငံတကာဈေးကွက်များနှင့် ဆက်သွယ်ပေးသည့် အရေးပါသော ရေကြောင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း တစ်ခုဖြစ်ပြီး ရေလက်ကြားတစ်လျှောက် ရေယာဉ်များ အသွားအပြန်သွားလာမှုကို ဒေသစံတော်ချိန် နံနက် ၄ နာရီမှစတင်၍ ရပ်တန့်ခဲ့ကြောင်း တူကီယဲကမ်းရိုးတန်း လုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးက ပြောကြားသည်။

မြူထူထပ်စွာ ကျရောက်မှုကြောင့် အစ္စတန်ဘူလ်မြို့၏ ဥရောပနှင့် အာရှဘက်ခြမ်းအကြား ဖယ်ရီဝန်ဆောင်မှုများကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ခရီးသည်တင်ဖယ်ရီနှင့် ယာဉ်တင်ဖယ်ရီများကိုလည်း နောက်ထပ်အသိပေးချက်မထုတ်ပြန်မချင်း သွားလာမှု ရပ်ဆိုင်းထားခဲ့သည်။ **ဆင်ဟွာ**

## ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား၊ ၁၆ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၃**
ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိခိုက်ဘာပတ်တွန်ခွာပြည်နယ်တွင် ဩဂုတ် ၂ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး လူ ၁၆ ဦး သေဆုံးခဲ့သည်။ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ဒေသခံပြည်သူများက စစ်သွေးကြွများကို ဆန့်ကျင်ဆန္ဒပြပွဲ ပြုလုပ်နေချိန်ဖြစ်သည်။

အသေခံ ဗုံးခွဲသမားသည် ရဲစခန်းထဲကို ဝင်ရောက်ရန် ကြိုးစားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ရဲတပ်ဖွဲ့က တားဆီးလိုက်ချိန်တွင် ၎င်း၏ ကိုယ်ပေါ်၌ တပ်ဆင်ထားသည့်ဗုံးကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

အသေခံ ဗုံးဖောက်ခွဲခြင်းကြောင့် သေဆုံးသွားသူများတွင် ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများပါဝင်သည်။ အခြား ၁၂ ဦးကျော်လည်း ဒဏ်ရာရရှိခဲ့သည်။ ဒေသတွင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ပါကစ္စတန်နီတာလီဘန် ဟု ခေါ်သော အစ္စလာမ်အစွန်းရောက်လက်နက်ကိုင်အဖွဲ့ (TTP)က ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါအဖွဲ့က ၎င်းတို့၏ အဓိက ပစ်မှတ်မှာ လုံခြုံရေးတပ်ဖွဲ့များ ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## တူကီယဲရှေးဟောင်းမြို့တော်တွင် နှစ်ပေါင်း ၂၅၀၀ ခန့်ရှိ စကျင်ကျောက်ရုပ်တုတစ်ရုပ် တူးဖော်တွေ့ရှိ

**အန်ကာရာ ဩဂုတ် ၃**
တူကီယဲနိုင်ငံ အနောက်ပိုင်းရှိ ရှေးဟောင်းမြို့တော် ဆာဒီးစ်တွင် သက်တမ်းနှစ်ပေါင်း ၂၅၀၀ ခန့်ရှိသော ကြီးမားသည့် စကျင်ကျောက်ရုပ်တုတစ်ရုပ်ကို တူးဖော်တွေ့ရှိခဲ့ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး မာမက်နူရီအာဆွိုင်းက ဩဂုတ် ၃ ရက်တွင် ကြေညာခဲ့သည်။

လူမှုကွန်ရက်ပေါ်တွင် တင်ထားသော ပို့စ်တစ်ခု၌ ဝန်ကြီး အာဆွိုင်းက အမြင့် ၂ ဒသမ ၂ မီတာရှိသော စကျင်ကျောက်ရုပ်တုသည် ဘီစီ ၅ ရာစု၏ ပထမပိုင်းကာလမှ ဖြစ်ပြီး မတ်တတ်ရပ်နေသော လူငယ်တစ်ဦး၏ ပုံသဏ္ဌာန်ကို သရုပ်ဖော်ထားကြောင်းနှင့် အဆိုပါရုပ်တုတွင် ရှေးဟောင်းလိုင်ဒီယန်ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ထူးခြားသည့်ဝတ်စားဆင်ယင်မှုပုံစံများကို တွေ့မြင်ရပြီး ယင်းရုပ်တုသည် ဒေသ၏အနုပညာ၊ ယုံကြည်ကိုးကွယ်မှုများနှင့် နေ့စဉ်ဘဝအကြောင်း နားလည်မှုအသစ်များ ရရှိစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ဆာဒီးစ်သည် ရှေးဟောင်း လိုင်ဒီယန်ဘုရင့်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အာခေမနစ် ပါရှားအင်ပါယာ၏အုပ်ချုပ်မှုအောက်ရှိ အရေးပါသောအုပ်ချုပ်ရေးဗဟိုဌာနတစ်ခု ဖြစ်လာခဲ့သည်။ ဆယ်စုနှစ်များစွာကြာ တူးဖော်ရေးလုပ်ငန်းများမှ ရှေးဟောင်းပစ္စည်းအများအပြားကို တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်တစ်ဝန်း ရေကြီးမှုကြောင့် လူ ၂၉ ဦးသေဆုံး ၁၂၉ ဦး ဒဏ်ရာရရှိ

**ကဘူးလ် ဩဂုတ် ၃**
အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ နေရာများ၌ မကြာသေးမီကရုတ်တရက်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားသဖြင့် ၂၉ ဦးထက်မနည်း သေဆုံးပြီး ၁၂၉ ဦး ဒဏ်ရာရရှိကာ လေးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကြေညာခဲ့သည်ဟု ပြည်တွင်းမီဒီယာတိုလိုနယူးစ်က ဩဂုတ် ၃ ရက်တွင် ဖော်ပြထားသည်။

နူရီစတန်နှင့် လက်ဂ်ျမန်ပြည်နယ်တို့တွင် ရေကြီးမှုကြောင့် မိသားစုပေါင်း ၃၀၀ ထက်မနည်း ထိခိုက်ခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

## ဇူလိုင်လအတွင်း ပြည်ပရောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ၏ လွှဲပြောင်းပို့ငွေ ကန်ဒေါ်လာ ၃ ဘီလီယံနီးပါးရှိ

**ဒါကာ ဩဂုတ် ၃**
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိဘဏ္ဍာနှစ် (၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၇ ခုနှစ် ဇွန်လ) ၏ ပထမဆုံးလတွင် သန်းနှင့်ချီသော ပြည်ပရောက်နိုင်ငံသားများ၏ လွှဲပြောင်းပို့ငွေမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံနီးပါးရှိကြောင်း ဗဟိုဘဏ်အရာရှိတစ်ဦးက ဩဂုတ် ၃ ရက်တွင် ပြောသည်။

ပြီးခဲ့သည့်လက ပြည်တွင်းသို့ လွှဲပြောင်းပို့ငွေမှာ ယမန်နှစ်ထက် ၁၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈၅၉ သန်းရှိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်ဘဏ်အရာရှိက ပြောကြားသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံနှင့်ဒေသပေါင်း ၁၀၀ ကျော်တွင် နေထိုင်လုပ်ကိုင်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀ သန်းခန့်၏ ပြည်တွင်းသို့ လွှဲပြောင်းပို့ငွေမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅၆ ဘီလီယံရှိခဲ့သည်။

လွှဲပြောင်းပို့ငွေအများစုမှာ ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် ကူဝိတ်နိုင်ငံတို့အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




## ဗီယက်နမ်နိုင်ငံသို့ ပထမခုနစ်လအတွင်း နိုင်ငံတကာခရီးသည် ၁၃ ဒသမ ၉ သန်း လာရောက်

**ဟန္နိုင်း ဩဂုတ် ၃**
ဗီယက်နမ်နိုင်ငံသို့ ၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူ ၁၃ ဒသမ ၉ သန်းနီးပါးရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် ယမန်နှစ် ကာလတူထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံးက ဩဂုတ် ၃ ရက်တွင် ထုတ်ပြန်ထားသည်။

လာရောက်လည်ပတ်သူ စုစုပေါင်းအနက် လေကြောင်းခရီးဖြင့် လာရောက်သူ ၁၁ ဒသမ ၅ သန်းရှိရာ ယမန်နှစ်ကာလတူထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်းနှင့် ကုန်းလမ်းဖြင့် လာရောက်သူ ၂ ဒသမ ၂ သန်းရှိရာ တစ်နှစ်ထက်တစ်နှစ် ၃၃ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ပင်လယ်ရေကြောင်းမှ လာရောက်သူ စုစုပေါင်းမှာ ၂၁၀၉၀၀ ရှိကာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာရှသည် ဗီယက်နမ်အတွက် အကြီးဆုံးဈေးကွက်အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ယင်းကာလအတွင်း အာရှမှခရီးသည် ၁၀ ဒသမ ၃ သန်းနီးပါးလာရောက်ခဲ့ကာ ယင်းနောက်တွင် ဥရောပမှ ခရီးသည် ၂ ဒသမ ၃ သန်းကျော် လာရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာခရီးသည် ၂၅ သန်း လာရောက်ရန် ရည်မှန်းထားကြောင်း ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့ စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

သတင်းစဉ်

# ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ မြန်မာ–ထိုင်းနယ်စပ်သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား အခကြေးငွေရယူ၍ အကာအကွယ်ပေးထားသည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၆၂၀၊ အမျိုးသမီး ၁၁ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် star link ဇန်း တစ်ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား မြဝတီမြို့သို့ ပို့ဆောင်ပြီး ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၀ ခန့်အား ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ နေရပ်ပြန်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခတ် – ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏ အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ–ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ – ထိုင်း နယ်စပ်အားဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ–ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့သည့် နေရာပြ မြေပုံ။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက် ဆုံးရှုံးနေရ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ဒီဂျစ်တယ်ခေတ်ရေစီးကြောင်းနှင့် စာဖတ်ခြင်းအလေ့အထ မြှင့်တင်ရေး

အောင်မိုးဘုန်း(ပြင်ဦးလွင်)

**၂၁ ရာစု အသိပညာအခြေပြု လူ့အဖွဲ့အစည်း တည်ဆောက်ရေးတွင် စာဖတ်ခြင်းအလေ့အထသည် လူတစ်ဦးချင်းစီ၏ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ ဖန်တီးတီထွင်နိုင်စွမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေပါသည်။**

> **“ အီလက်ထရောနစ်စာအုပ်များသည် ယနေ့ခေတ်တွင် ပုံနှိပ်စာအုပ်များ၏ ဒီဂျစ်တယ်မိတ္တူအဖြစ်သာ မဟုတ်တော့ဘဲ စာဖတ်သူများ၏ သင်ယူမှုအတွေ့အကြုံကို တိုးတက်ကောင်းမွန်စေသည့် အပြန်အလှန်တုံ့ပြန်နိုင်သော သင်ယူမှုပုံစံအဖြစ် ဖွံ့ဖြိုးပြောင်းလဲလာခဲ့ပါသည်။ ယင်းစာအုပ်များတွင် စာသားအကြောင်းအရာများအပြင် ရုပ်ပုံများ၊ ဇယားများ၊ အသံဖိုင်များ၊ ဗီဒီယိုဖိုင်များနှင့် မီဒီယာမျိုးစုံပေါင်းစပ်ထားသော သင်ယူမှုအထောက်အကူပြု အကြောင်းအရာများကို တစုတစည်းတည်း ထည့်သွင်းပေးနိုင်သဖြင့် သင်ယူသူများ၏ နားလည်သဘောပေါက်မှု၊ စိတ်ဝင်စားမှုနှင့် ကိုယ်တိုင်လေ့လာသင်ယူနိုင်စွမ်းတို့ကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်သည့် သင်ယူမှုအရင်းအမြစ်တစ်ခုအဖြစ် ရပ်တည်လာ ”**

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကျယ်ပြန့်သောဗဟုသုတ၊ ခေတ်မီကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးနိုင်သော အတွေးအခေါ်များ ပိုင်ဆိုင်နိုင်ရန် စာဖတ်ခြင်းယဉ်ကျေးမှုကို စနစ်တကျ မြှင့်တင်ပေးရန်မှာ နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပါသည်။

ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အရှိန်မြင့်လာသည့် ယနေ့ခေတ်တွင် စာဖတ်ခြင်းအတွေ့အကြုံသည် နည်းပညာနှင့်ပေါင်းစပ်၍ ပိုမိုကျယ်ပြန့်၊ လွယ်ကူပြီး ထိရောက်သောပုံစံသို့ ပြောင်းလဲလာပြီဖြစ်ရာ ဒီဂျစ်တယ်စာဖတ်ခြင်းစနစ်အတွင်း အီလက်ထရောနစ်စာအုပ်နှင့် စာဖတ်ကိရိယာများသည် အရေးပါသော နည်းပညာဆိုင်ရာ အခြေခံအရင်းအမြစ်များဖြစ်လာကြပါသည်။

သို့ရာတွင် ဤစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းပညာကိရိယာများ ရရှိနိုင်ခြင်း တစ်ခုတည်းမလုံလောက်ဘဲ အသုံးပြုသူများ၏ ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ အရည်အသွေးရှိသော ဒီဂျစ်တယ်အကြောင်းအရာများ ရရှိနိုင်မှုနှင့် တာဝန်ယူအသုံးပြုနိုင်သော ဒီဂျစ်တယ်ယဉ်ကျေးမှုတို့ကို တစ်ပြိုင်နက်တည်း မြှင့်တင်ရန် လိုအပ်ပါသည်။ သမားရိုးကျပုံနှိပ်စာအုပ်များ၏ တန်ဖိုးကိုထိန်းသိမ်းထားရင်း ဒီဂျစ်တယ်စာဖတ်ခြင်းနည်းပညာများကို ပေါင်းစပ်အသုံးချနိုင်သော နည်းလမ်းတစ်ရပ်ကို တည်ဆောက်ခြင်းသည် အနာဂတ်ပညာရေးအတွက် ပိုမိုသင့်လျော်သော လမ်းကြောင်း တစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။

### ခေတ်သစ်ဒီဂျစ်တယ်စာဖတ်ခြင်းစနစ်နှင့် E-book ၊ E-reader တို့၏ သဘောသဘာဝ

ယနေ့ခေတ်တွင် E-book များ၊ E-reader ကိရိယာများနှင့် Cloud-based Digital Library စနစ်များသည် သင်ယူသူများ၊ သုတေသီများနှင့် စာဖတ်ဝါသနာရှင်များအတွက် အရေးပါသော၊ အသိပညာရယူနိုင်သော ပလက်ဖောင်းများဖြစ်လာကြပါသည်။ အထူးသဖြင့် အဝေးသင်ပညာရေး၊ ပေါင်းစပ်သင်ကြားရေးနှင့် အွန်လိုင်းသင်ယူရေးတို့ ပိုမိုကျယ်ပြန့်လာခြင်းကြောင့် ဒီဂျစ်တယ်စာဖတ်ခြင်းသည် ခေတ်သစ်ပညာရေးစနစ်၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပိုမိုထင်ရှားလာခဲ့ပါသည်။

အီလက်ထရောနစ်စာအုပ်များသည် ယနေ့ခေတ်တွင် ပုံနှိပ်စာအုပ်များ၏ ဒီဂျစ်တယ်မိတ္တူအဖြစ်သာ မဟုတ်တော့ဘဲ စာဖတ်သူများ၏ သင်ယူမှုအတွေ့အကြုံကို တိုးတက်ကောင်းမွန်စေသည့် အပြန်အလှန်တုံ့ပြန်နိုင်သော သင်ယူမှုပုံစံအဖြစ် ဖွံ့ဖြိုးပြောင်းလဲလာခဲ့ပါသည်။ ယင်းစာအုပ်များတွင် စာသားအကြောင်းအရာများအပြင် ရုပ်ပုံများ၊ ဇယားများ၊ အသံဖိုင်များ၊ ဗီဒီယိုဖိုင်များနှင့် မီဒီယာမျိုးစုံပေါင်းစပ်ထားသော သင်ယူမှုအထောက်အကူပြု အကြောင်းအရာများကို တစုတစည်းတည်း ထည့်သွင်းပေးနိုင်သဖြင့် သင်ယူသူများ၏ နားလည်သဘောပေါက်မှု၊ စိတ်ဝင်စားမှုနှင့် ကိုယ်တိုင်လေ့လာသင်ယူနိုင်စွမ်းတို့ကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်သည့် သင်ယူမှုအရင်းအမြစ်တစ်ခုအဖြစ် ရပ်တည်လာခဲ့ပါသည်။

စာဖတ်ရန်ရည်ရွယ်၍ အထူးဒီဇိုင်းထုတ်ထားသော အီလက်ထရောနစ် စာဖတ်ကိရိယာများတွင် အသုံးပြုထားသည့် အီလက်ထရောနစ်မင်နည်းပညာသည် ပုံနှိပ်စာအုပ် သို့မဟုတ် ပုံနှိပ်စက္ကူများကို ဖတ်ရှုနေသကဲ့သို့ သဘာဝကျသော စာဖတ်အတွေ့အကြုံကို ပေးစွမ်းနိုင်ပါသည်။ ထို့ပြင် မျက်နှာပြင်မှ အလင်းရောင်ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်သဖြင့် မျက်စိပင်ပန်းနွမ်းနယ်မှုကို လျော့နည်းစေပြီး အချိန်ကြာမြင့်စွာ သက်သောင့်သက်သာဖြင့် စာဖတ်ရှုနိုင်ရန် အထောက်အကူပြုပါသည်။

တစ်ဖက်တွင်လည်း စမတ်ဖုန်း၊ Tablet၊ Lap-top များနှင့် ချိတ်ဆက်ကာ ကမ္ဘာလုံးဆိုင်ရာ မျက်နှာစာတွင် လိုအပ်သော ဝေဖန်ဆန်းစစ်တွေးခေါ်မှုနှင့် အချက်အလက်ရယူနိုင်မှုကို များစွာ မြှင့်တင်ပေးနိုင်သောကြောင့် ၎င်းသည် တစ်သက်တာ သင်ယူမှု ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာပါသည်။

### နေရာဒေသသက်သာစေခြင်းနှင့် သယ်ဆောင်ရလွယ်ကူမှု အားသာချက်များ

ဒီဂျစ်တယ်စာဖတ်ခြင်းစနစ်၏ အထင်ရှားဆုံး အားသာချက်များအနက် တစ်ရပ်မှာ စာအုပ်များ၏ ရုပ်ပိုင်းဆိုင်ရာ နေရာယူမှုကို သိသိသာသာ လျှော့ချပေးခြင်းနှင့် စာဖတ်သူများအတွက် သယ်ဆောင်အသုံးပြုရလွယ်ကူစေခြင်း ဖြစ်ပါသည်။ သမားရိုးကျ ပုံနှိပ်စာအုပ်စနစ်တွင် အတွဲများစွာပါဝင်သော ကိုးကားကျမ်းများနှင့် သုတေသန စာအုပ်များသည် ရုပ်ပိုင်းဆိုင်ရာအရ အလေးချိန်များပြီး နေရာအများအပြား လိုအပ်ပါသည်။။

ဥပမာအားဖြင့် မြန်မာစာဖတ်ပရိသတ်များအကြား ထင်ရှားကျော်ကြားသော မြသန်းတင့်၏ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်၊ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ၊ ဒဂုန်တာရာ၏ စာပေလက်ရာများ၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုးကားကျမ်းများကို ပုံနှိပ်စာအုပ်အဖြစ် အများအပြားသယ်ဆောင်ရပါက နေရာနှင့် အလေးချိန်နှစ်မျိုးစလုံးအတွက် အခက်အခဲများ ဖြစ်ပေါ်နိုင်သည်။ သို့သော်လည်း ခေတ်မီစာဖတ်ကိရိယာ (E-reader) တစ်လုံးတည်းဖြင့် စာအုပ်ပေါင်းထောင်နှင့်ချီ၍ အလွယ်တကူ သိုလှောင်သယ်ဆောင်နိုင်ပြီး ရွေ့ပြောင်းသင်ယူမှုကို အားကောင်းစွာ ပံ့ပိုးပေးပါသည်။

ထို့ပြင် ဒေတာသိမ်းဆည်းမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စာဖတ်သူများသည် မိမိတို့၏ အီလက်ထရောနစ်စာအုပ်များ၊ မှတ်စုများ၊ အရေးကြီးအချက်များကို အမှတ်အသားပြုထားသည့် မှတ်သားချက်များနှင့် စာမှတ်များကို အွန်လိုင်းပေါ်တွင် လုံခြုံစိတ်ချစွာ သိမ်းဆည်းထားနိုင်ပါသည်။ ထို့ပြင် စမတ်ဖုန်း၊ တက်ဘလက်၊ အီလက်ထရောနစ်စာဖတ်ကိရိယာနှင့် ကွန်ပျူတာကဲ့သို့သော ကိရိယာအမျိုးမျိုးအကြား ဒေတာများကို အလိုအလျောက် တစ်ပြေးညီ ညှိနှိုင်းထားနိုင်သဖြင့် မည်သည့်ကိရိယာမှမဆို မိမိဖတ်ရှုခဲ့သည့်နေရာမှ ဆက်လက်ဖတ်ရှုနိုင်သော ကိရိယာအမျိုးမျိုးတွင် အဆက်မပြတ် စာဖတ်ရှုနိုင်သည့် အခွင့် အလမ်းကိုလည်း ရရှိစေပါသည်။

ဤကဲ့သို့သော နည်းပညာဆိုင်ရာ အားသာချက်များသည် စာဖတ်သူများ၏ အချိန်စီမံခန့်ခွဲမှုကို တိုးတက်စေသည့်အပြင် ဒီဂျစ်တယ်စာကြည့်တိုက်စနစ်များမှတစ်ဆင့် ကျေးလက်ဒေသများနှင့် ပညာရေးအခွင့်အလမ်းကန့်သတ်ထားသော လူမှုအသိုင်းအဝိုင်းများအတွက် ပထဝီဝင်အကွာအဝေးကြောင့် ဖြစ်ပေါ်နိုင်သည့် ပညာရေးအရင်းအမြစ်ကွာဟချက်ကို လျှော့ချနိုင်ရန်များစွာ အထောက်အကူပြုပါသည်။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖတ်ရှုသင်ယူမှုစနစ်

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတို့ကို အလေးထားဆောင်ရွက်နေသည့်အလျောက် ဒီဂျစ်တယ်စာဖတ်ခြင်းစနစ်သည် သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် အရေးပါလာပါသည်။ သမားရိုးကျ ပုံနှိပ်စာအုပ်တစ်အုပ် ထုတ်လုပ်ရန်အတွက် သစ်သားမှ စက္ကူထုတ်လုပ်ခြင်း၊ ရေ၊ လျှပ်စစ်စွမ်းအင်၊ ပုံနှိပ်မင်နှင့် ဓာတုပစ္စည်းများ အဆင့်ဆင့် အသုံးပြုရပြီး သိုလှောင်ဖြန့်ဖြူးမှုဆိုင်ရာ လိုအပ်ချက်များ မြင့်မားသော်လည်း E-book နှင့် E-readerစနစ်များသည် စာအုပ်များကို ဒီဂျစ်တယ်ပုံစံဖြင့် ဖြန့်ဝေနိုင်ခြင်းကြောင့် စက္ကူအသုံးပြုမှုနှင့် ရုပ်ပိုင်းဆိုင်ရာ သယ်ယူပို့ဆောင်မှု လိုအပ်ချက်များကို လျှော့ချပေးနိုင်ပါသည်။

အီလက်ထရောနစ်စာဖတ်ခြင်းစနစ်၏ အရေးအကြီးဆုံးအသိပညာပေးမှုမှာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းပင်ဖြစ်သည်။ သာမန်အားဖြင့် စာမျက်နှာ ၃၀၀ ရှိသော စာအုပ်တစ်အုပ်ကို အုပ်ရေ ၁၀၀၀ ခန့် ပုံနှိပ်ထုတ်ဝေမည်ဆိုပါက စက္ကူရွက်ရေ ၃၀၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး သစ်ပင်တစ်ပင်လျှင် စက္ကူရွက်ရေ ၈၀၀၀၀ ခန့် ထွက်ရှိသည်ဟု တွက်ချက်ပါက သစ်ပင်အနည်းဆုံး လေးပင်ခန့် အမြဲတမ်းအခုတ်ခံရမည်ဖြစ်သည်။ ကမ္ဘာကျော် ဟယ်ရီပေါ်တာ စာအုပ်တွဲများကဲ့သို့ အုပ်ရေသန်း ၄၅၀ ကျော် ရောင်းချရသည့် အခြေအနေတွင် သစ်ပင်ပေါင်း နှစ်သန်းနီးပါး ပျက်စီးဆုံးရှုံးရသည့် သင်ခန်းစာများ ရှိခဲ့ပါသည်။ E-reader များသည် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းရန် မလိုဘဲ ဒီဂျစ်တယ်စနစ်ဖြင့်သာ လည်ပတ်ခြင်းကြောင့် တိုင်းပြည်၏ အဖိုးတန်သစ်တောအရင်းအမြစ်များနှင့် ရေမြေပတ်ဝန်းကျင်ပြုန်းတီးမှုကို အထိရောက်ဆုံး ကာကွယ်ပေးနိုင်သည့် နည်းပညာလမ်းကြောင်းတစ်ခု ဖြစ်ပါသည်။

သို့ရာတွင် ဒီဂျစ်တယ်ကိရိယာများနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးသည့် ဆာဗာအခြေခံအချက်အလက် စီမံခန့်ခွဲမှုစနစ်များကို တည်ဆောက် ထုတ်လုပ်ရာတွင်လည်း သတ္တုနှင့် သဘာဝအရင်းအမြစ်များ၊ လျှပ်စစ်စွမ်းအင်နှင့် အခြားလိုအပ်သော စွမ်းအားအရင်းအမြစ်များကို အသုံးပြုရပါသည်။ ထို့ပြင် အီလက်ထရောနစ်ကိရိယာများ၏ အသုံးပြုသက်တမ်းကုန်ဆုံးသည့်အခါ အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ ဖြစ်ပေါ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချနိုင်ရေးအတွက် စနစ်တကျ ပြန်လည်အသုံးချခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်းနှင့် ပြန်လည်သန့်စင်အသုံးချခြင်းတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

ထို့ကြောင့် ရေရှည်တည်တံ့သော ဒီဂျစ်တယ်စာဖတ်ခြင်းစနစ် တည်ဆောက်ရန်အတွက် သက်တမ်းရှည်အသုံးပြုနိုင်သော ကိရိယာများကို ရွေးချယ်ခြင်း၊ စနစ်ကျသော E-waste စီမံခန့်ခွဲမှုစနစ်များထားရှိခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာတို့ကို ပေါင်းစပ်ပေးရန် လိုအပ်ပါသည်။

### စာသင်ခန်းနှင့် အဆင့်မြင့်ပညာရေးတွင် သင်ယူမှုကို မြှင့်တင်ပေးသော နည်းပညာများ

ခေတ်သစ်ပညာရေးစနစ်တွင် E-book နှင့် E- reader နည်းပညာများသည် သင်ယူသူဗဟိုပြုတက်ကြွစွာ ပါဝင်သင်ယူမှုနှင့် ကိုယ်ပိုင်သင်ယူမှုကို အားပေးသော ကိရိယာများ ဖြစ်လာပါသည်။ ကျောင်းသားများသည် မိမိတို့၏ စိတ်ဝင်စားမှု၊ သင်ယူလိုအပ်ချက်နှင့် သင်ယူနိုင်သည့် အရှိန်အဟုန်တို့အပေါ် မူတည်၍ လေ့လာမှုကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ပါသည်။ ထို့ပြင် စာသားရှာဖွေခြင်းလုပ်ဆောင်ချက်၊ ဒီဂျစ်တယ်မှတ်စုရေးသားခြင်း၊ အရေးကြီးအချက်များကို အမှတ်အသားပြုခြင်းနှင့် စာမှတ်များကဲ့သို့သော လုပ်ဆောင်ချက်များကို အသုံးပြုနိုင်သဖြင့် လိုအပ်သော အချက်အလက်များကို လျင်မြန်တိကျစွာ ပြန်လည်ရှာဖွေနိုင်ပြီး သင်ယူမှုအကြောင်းအရာများကို စနစ်တကျ စုစည်းသုံးသပ်နိုင်ပါသည်။ ထိုကဲ့သို့သော အထောက်အကူပြုလုပ်ဆောင်ချက်များကြောင့် သာမန်စာဖတ်ခြင်းထက် ပိုမိုနက်ရှိုင်းသော သင်ယူမှု၊ အကြောင်းအရာများကို နားလည်သဘောပေါက်နိုင်မှုနှင့် သိရှိထားသော အသိပညာကို ရေရှည်မှတ်မိ ထိန်းသိမ်းထားနိုင်စွမ်းတို့ကို ပိုမိုမြင့်မားစေပါသည်။

စာလုံးအရွယ်အစား၊ စာကြောင်းအကွာအဝေးနှင့် မျက်နှာပြင်တောက်ပမှုတို့ကို စိတ်ကြိုက်ပြင်ဆင်နိုင်ခြင်းသည် Universal Design for Lear-ning (UDL) အယူအဆနှင့် ကိုက်ညီပြီး အထူးလိုအပ်ချက်ရှိသူများအပါအဝင် လူတိုင်းအတွက် တန်းတူညီမျှသော၊ အားလုံးပါဝင်နိုင်သော ပညာရေးကို ပံ့ပိုးပေးပါသည်။ ဘာသာစကား သင်ယူရေးကဏ္ဍတွင် အလိုအလျောက်ပါဝင်သော အဘိဓာန်စနစ်နှင့် စာသားကို အသံဖြင့် ဖတ်ပြပေးသောနည်းပညာတို့သည် သင်ယူသူများအတွက် လိုအပ်သော စကားလုံးအဓိပ္ပာယ်များ၊ အသံထွက်များနှင့် ဖတ်ရှုနားလည်မှုဆိုင်ရာ အထောက်အကူများကို ချက်ချင်းရရှိစေသဖြင့် သင်ယူမှုထိရောက်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

ထို့ပြင် အဆင့်မြင့်ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် စာသားအပြည့်အစုံ ရှာဖွေနိုင်သည့်စနစ်နှင့် ကိုးကားချက်များကို စနစ်တကျ စီမံခန့်ခွဲနိုင်သည့်စနစ် (Citation Management) တို့ကို အသုံးပြုနိုင်ခြင်းကြောင့် *စာမျက်နှာ ၁၇ သို့*

## မရမ်းကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID လုပ်ငန်းများ ဆောင်ရွက်ပေး

**ရန်ကုန်  ဩဂုတ်  ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နိုင်ငံသားအခွင့်အရေးနှင့် သက်သေခံအထောက်အထားများရရှိစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသန့်ဇင် ဦးဆောင်သည့် ဝန်ထမ်းများသည် လမင်းစီမံချက်အရ ဩဂုတ် ၂ ရက် နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် Biometric UID ဇီဝအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် (၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID လုပ်ငန်းများကို နေ့ချင်းပြီးစိစစ်ဆောင်ရွက်ပေးကာ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး**



## မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရန် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟုမ္မလင်း  ဩဂုတ်  ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟုမ္မလင်းမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမကဏ္ဍမှ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရန် စနစ်ကျသော စိုက်ပျိုးရေးဆောင်ရွက်ချက်များကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာအုပ်စု နားနုံးကျေးရွာရှိ မျိုးဆက်သစ် မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသား ၁၅ ဦး၏ ဆင်းကေရီ-၃ မိုးစပါး စနစ်တကျစိုက်ပျိုးနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ရုံးဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အပူပိုင်းဒေသကျေးရွာများ၌ တစ်ရွာနှစ်ဧက ကျေးရွာပိုင်စိုက်ခင်း ပြုစုထိန်းသိမ်း

**ချောက်  ဩဂုတ်  ၃**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ချောက်မြို့နယ် မိုလာကျေးရွာ၌ တည်ထောင်စိုက်ပျိုးပေးခဲ့သည့် တစ်ရွာနှစ်ဧက ကျေးရွာပိုင်စိုက်ခင်းအတွင်း ပေါင်းရှင်းခြင်း၊ ခါးဆွမြေတောင်မြောက်ခြင်း စသည့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်၍ ရေမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ ကျေးလက်နေပြည်သူများ သစ်တောသစ်ပင်၏ တန်ဖိုးနှင့် အနှစ်သာရကို ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိုလာကျေးရွာမှ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရာ ကျေးရွာပိုင်စိုက်ခင်း နှစ်ဧကတွင် ယူကလစ် ၃၀၀၊ ဒဟတ် ၃၀၀ စုစုပေါင်း အပင် ၆၀၀ အား စိုက်ပျိုးထိန်းသိမ်းခဲ့ရာ ယခုအခါ ကောင်းစွာအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ ချောက်ခရိုင်ရှိ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့တွင် ကျေးရွာ ၃၅ ရွာအတွက် ကျေးရွာပိုင်စိုက်ခင်း ဧက ၇၀ အား စိုက်ပျိုးတည်ထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရပ်စောက်မြို့နယ်၌ ဒေသခံတောင်သူများအား မွေးမြူရေးဝက်နှင့် ဒေသနွားများ လက်ဆင့်ကမ်းဖြန့်ဖြူး

**ရပ်စောက်  ဩဂုတ်  ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးဝက်နှင့် ဒေသနွားများ လက်ဆင့်ကမ်းဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ တောင်ကြီးခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပါမဲကျေးရွာအုပ်စု ထင်းကွင်း တပ်ဦး (ရွာသစ်) ကျေးရွာသို့ မြစိမ်းရောင်(အသားကဏ္ဍ) သတ္တမအကြိမ် ဝက် ၁၀၈ ကောင် (ကျသင့်ငွေ သိန်း ၂၇၀)နှင့် စာချုပ်မှတ်တမ်းများကို လွှဲပြောင်းပေးအပ်သည်။ အလားတူ ဟွေးကျေးရွာအုပ်စု လဲချားကျေးရွာသို့လည်း မွေးမြူရေးဘဏ်စနစ်ဖြင့် တတိယအကြိမ် ဒေသနွားထီး တစ်ကောင်၊ နွားမ အကောင် ၂၀ နှင့် လွှဲပြောင်းခြင်းစာချုပ်မှတ်တမ်းများကို ဒေသခံတောင်သူများထံ စနစ်တကျလက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆာကပေါ် (ပြန်/ဆက်)**



## ကသာမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ကသာ  ဩဂုတ်  ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ သင်တန်းသား ၁၂ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် ကသာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ ကသာမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(ကသာ)**



*စာမျက်နှာ ၁၆ မှ*

လိုအပ်သောအချက်အလက်များကို လျင်မြန်တိကျစွာ ရှာဖွေစုဆောင်းနိုင်ပြီး သုတေသနဆောင်ရွက်မှု၏ ထိရောက်မှုနှင့် အရည်အသွေးကို ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။

**မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီဂျစ်တယ် စာဖတ်ခြင်း ယဉ်ကျေးမှုတည်ဆောက်ရေး**

မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးတို့ကို အကောင်အထည်ဖော်ရာတွင် ဒီဂျစ်တယ်စာဖတ်ခြင်း ယဉ်ကျေးမှုကို အရေးပါသော မူဝါဒဦးတည်ချက်တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ လူငယ်မျိုးဆက်များအကြား စမတ်ဖုန်းနှင့် အင်တာနက်အသုံးပြုမှု တိုးတက်လာသည့် အခြေအနေတွင် ၎င်းနည်းပညာများကို ဖျော်ဖြေရေးအတွက်သာမက အသိပညာရှာဖွေရေးအတွက်ပါ အသုံးချနိုင်သော ဒီဂျစ်တယ်နည်းပညာ အခြေပြုစာဖတ်ခြင်းအလေ့အထတစ်ရပ် ဖန်တီးပေးရန် အရေးကြီးပါသည်။

ဤရည်မှန်းချက် အောင်မြင်နိုင်ရန်အတွက် အောက်ပါဗျူဟာမြောက် လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်သင့်ပါသည် —

၁။ **အမျိုးသားအဆင့် Digital Reading Policy ဖော်ဆောင်ခြင်း** – ဒီဂျစ်တယ်စာဖတ်ခြင်းကို အမျိုးသားပညာရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒများတွင် ထည့်သွင်း၍ စနစ်ကျစွာ လမ်းညွှန်ခြင်း။

၂။ **မြန်မာဘာသာ Digital Content များ တိုးမြှင့်ဖန်တီးခြင်း** – အရည်အသွေးမြင့် မြန်မာဘာသာ အီလက်ထရောနစ်စာအုပ်များ၊ ဒီဂျစ်တယ်သင်ရိုးစာအုပ်များနှင့် လွတ်လပ်စွာအသုံးပြုနိုင်သော ပညာရေးအရင်းအမြစ်များကို ပိုမိုပြုစုထုတ်လုပ်၍ ကျောင်းသားများနှင့် သင်ယူသူများအတွက် အရည်အသွေးမြင့် ဒီဂျစ်တယ်သင်ယူရေး အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီအသုံးပြုနိုင်စေရန် ဆောင်ရွက်ခြင်း။

၃။ **ဆရာ ဆရာမများ၏ ဒီဂျစ်တယ်စွမ်းရည်မြှင့်တင်ခြင်း** – ဆရာ၊ ဆရာမများအား ဒီဂျစ်တယ်သင်ကြားရေးနည်းဗျူဟာနှင့် ဉာဏ်ရည်တု အထောက်အကူပြု သင်ကြားရေးကိရိယာများ အသုံးပြုနိုင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးခြင်း။

၄။ **ဒီဂျစ်တယ်ကွာဟချက်လျှော့ချရေး** – ကျေးလက်နှင့် ဝေးလံသောဒေသများတွင် အင်တာနက်၊ လျှပ်စစ်နှင့် နည်းပညာအခြေခံအဆောက်အအုံများကို တိုးချဲ့ဖွံ့ဖြိုးစေခြင်း။

၅။ **Digital Citizenship နှင့် သတင်းအချက်အလက်ကျွမ်းကျင်မှု မြှင့်တင်ခြင်း**– မူပိုင်ခွင့်ကို လေးစားခြင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်တွင် တာဝန်ယူရွေးချယ် အသုံးပြုနိုင်စွမ်းကို လေ့ကျင့်ပေးခြင်း။

**ဒီဂျစ်တယ်စာဖတ်ခြင်းမှ အသိပညာအခြေပြု လူ့အဖွဲ့အစည်းဆီသို့**

အနှစ်ချုပ်အားဖြင့် E-book ၊ E-reader နှင့် ဒီဂျစ်တယ်စာဖတ်ခြင်းစနစ်များက စာအုပ်ဖတ်ရှုသည့် နည်းလမ်းတစ်ခုကိုသာ ပြောင်းလဲပေးသော နည်းပညာတီထွင်မှုတစ်ရပ် မဟုတ်တော့ဘဲ ၂၁ ရာစု အသိပညာအခြေပြု လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အရေးပါသော အခြေခံအဆောက်အအုံတစ်ရပ်ဖြစ်ပါသည်။ ယင်းသည် ရိုးရာပုံနှိပ်စာအုပ်များ၏ နက်ရှိုင်းသော ဖတ်ရှုမှုအတွေ့အကြုံကို လျှော့ချရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ ဒီဂျစ်တယ်နည်းပညာများ၏ လွယ်ကူမြန်ဆန်သော ရယူအသုံးပြုနိုင်မှုနှင့် ပေါင်းစပ်အသုံးချသည့် Hybrid Reading Culture တစ်ရပ်ကို တည်ဆောက်ပေးခြင်း ဖြစ်ပါသည်။

ဒီဂျစ်တယ်စာဖတ်ခြင်းယဉ်ကျေးမှုကို မြှင့်တင်ဖော်ဆောင်ခြင်းသည် နည်းပညာတိုးတက်ရေးသက်သက်ကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ အသိပညာ၊ တီထွင်ဖန်တီးနိုင်မှု၊ တာဝန်ယူမှုနှင့် တစ်သက်တာသင်ယူလိုစိတ်တို့ ပိုမိုထွန်းကားသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော လမ်းကြောင်းတစ်ရပ် ဖြစ်ပါသည်။ မိဘများ၊ ကျောင်းများ၊ တက္ကသိုလ်များနှင့် လူမှုအသိုင်းအဝိုင်းများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး E-book နှင့် E-reader တို့၏ အကျိုးကျေးဇူးများကို ထိရောက်စွာ အသုံးချနိုင်ပါက မြန်မာနိုင်ငံသည် ဒီဂျစ်တယ်ခေတ်နှင့် ကိုက်ညီသော အသိပညာကြွယ်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ တဖြည်းဖြည်း ခိုင်မာစွာ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

## ဝါးခယ်မမြို့နယ်၌ အထွေထွေသမဝါယမအသင်းအား မျိုးနှင့်သွင်းအားစုပေးအပ်ပွဲကျင်းပ



**ဝါးခယ်မ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သမဝါယမဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ပြည်ထောင်စုရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် သရွတ်မြိုက်ကျေးရွာ လေးမြတ်သူစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းအား မျိုးနှင့်သွင်းအားစုပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်တူးတူးလွင်က အသင်းသား ၂၀၊ စိုက်ဧက ၃၅ ဧကအတွက် ငွေကျပ် ၁၀၅ သိန်း တန်ဖိုးရှိ အောင်နိုင်တိုး စပါးမျိုးသွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရီရီလွင်(ပြန်/ဆက်)**

## မုံရွာမြို့နယ်ရှိ ရေဝင်ရေလျှံသော ကျေးရွာများအတွက် တိရစ္ဆာန်အစာများ ပေးအပ်

**မုံရွာ ဩဂုတ် ၃**

မုံရွာမြို့နယ်အတွင်းရှိ မိုးရာသီရေကြီး၊ ရေဝင်၊ ရေလျှံသော ခံတောကျေးရွာ၊ မြစ်နားကိုင်းကျေးရွာ၊ ကော်လပြကျေးရွာတို့ရှိ တောင်သူများ၏ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာဖူလုံမှုရှိစေရန်အတွက် ရည်ရွယ်ပြီး တိရစ္ဆာန်အစာအိတ်များ ဖြန့်ဖြူးပေးအပ်ခြင်းကို ယနေ့ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်အေး ဦးဆောင်ပြီး ခရိုင်ဦးစီးမှူး ဒေါက်တာဥမ္မာအေး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအိအိအောင်တို့နှင့်အတူ



ဝန်ထမ်းများက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်၊ စနစ်တကျမွေးမြူကြရန် အသိပညာပေးဟောပြောခဲ့ပြီး တိရစ္ဆာန်အစာအိတ် ၅၀ ကို မွေးမြူသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဖွင့်လှစ်

**ကျိုက်ထို ဩဂုတ် ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဟိုတယ်ဆိုင်ရာ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအစာနှင့်အဖျော် ယမကာဆိုင်ရာ ကျွမ်းကျင်ခံ ကျွေးမွေးရေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ရိုးရိုးလေးဟိုတယ်၌ ကျင်းပရာ ပြည်နယ် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီး



ဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်တို့က အမှာစကားပြောကြားပြီး ရိုးရိုးလေးဟိုတယ် မန်နေဂျာ ဦးရဲရဲဝင်းက သင်တန်းလာရောက် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ နှစ်ဦးက သင်တန်းသား ၅၇ ဦးအား ဩဂုတ် ၃ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်



**တပ်ကုန်း ဩဂုတ် ၃**

နေပြည်တော် တပ်ကုန်းမြို့၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် ဒုမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေတို့က သဘာဝဘေးအကြောင်းများ ရှင်းလင်းဟောပြောပြီး မီးငြိမ်းသတ်ခြင်းနှင့် အထပ်မြင့်ပိတ်မိသူများ ရှာဖွေကယ်ထုတ်နည်းများ လေ့ကျင့်သရုပ်ပြသခဲ့သည်။

**တင်စိုးလွင်**

## အမရပူရမြို့နယ်၌ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

**အမရပူရ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း၁/၂၀၂၆ဆင်းပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၈ ရက်က ကျင်းပပြုလုပ်ရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိ ဦးလှမျိုးနိုင်နှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၁၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလ တစ်လသင်ကြားပို့ချခဲ့



ကြောင်း သိရသည်။

**လဲ့လဲ့ခိုင်(အမရပူရ)**

## လပွတ္တာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြ

**လပွတ္တာ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ



၂၀၂၆ ခုနှစ် မိုးရာသီတွင် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကျောက်မှော်ကျေးရွာအုပ်စု၊ အောက်ချောင်းကျေးရွာရှိ တောင်သူ ဦးရန်ပိုင်၏လယ်မြေတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးကကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၆ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အမှူးပြုသောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံတော်ဒေသထွက်ကုန်ထုတ်လုပ်မှုအားပေးစီမံချက် ( One Region One Product)
- ၀၉:၁၀ ထူးခြားစုံလင်အာရုံမီဒီယာအစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၄၀ နေ့စဉ်ဆန်းသစ်သိပ္ပံခေတ်
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ "**ပုဂံမှာမိုးတွေရွာတုန်းက**" (အပိုင်း-၂၂)
- ၁၃:၃၀ MRTV National News
- ၁၄:၅၅ မျိုးဗုဏ်တင့်စေသိုကရေးတီးအငွေ
- ၁၆:၀၀ ဘောလုံးပွဲကြိုသုံးသပ်ချက်
- ၁၆:၁၅ Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုအသင်း
- ၁၈:၂၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
- ၁၈:၃၀ ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက် (မြန်ကြားရေးဝန်ကြီးဌာန)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**စံဒီမ်ဝတ်ပါ**' (အပိုင်း-၅၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**နှတ်ချိုသျှိုတစ်ပါး**' (အပိုင်း-၃၅)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Shwezigon Pagoda
- 07:37 Myanmar's Entrepreneurs: Soe Moe Aung
- 07:52 Waso or the Buddhist Lent
- 08:01 News
- 08:26 Topics Potpourri; One - Stop Shop for Exploring Ocean Science
- 08:32 Mushroom Farming
- 09:02 Topical Science Topics: Beauty of Marine Life
- 09:25 Beach Food Delivery
- 09:35 Myanmar Senior Pilot
- 09:53 Tourism Development in Myanmar
- 10:01 News
- 10:27 Lifestyle & Entertainment (Weekly Updates)
- 10:36 Sarus Crane in Myanmar

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ ကာတွန်းအစီအစဉ် '**ဖိုးကောင်ကြီးဥယျာဉ်စွန့်တားခန်း**' (အပိုင်း-၄၅)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ '**အလင်းပေးမယ့်ဝယောင်းတိုင်**' (အပိုင်း-၃)
- ၀၇:၅၀ စတီရီယိုတေးများ
- ၀၈:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**မုသားငနာက်ကွယ်**' (အပိုင်း-၂၇)
- ၀၉:၀၅ ဟိုးတုန်းက...ရေဒီယိုဇာတ်လမ်းများ "**ကိုးမွှင့်ပွားစ**" (ပထမပိုင်း)
- ၀၉:၅၀ K POP Music Gallery (80)
- ၁၀:၁၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "**သိပ်ချစ်တယ် ဒီက**" ရန်အောင်၊ စိုးမြတ်သူဇာ၊ ပေသဇာဦး၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သီဟကျော်စိုး၊ သမီးငံပြာရည်)

### MRTV NRC

- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** သစ်သီးအဝေါ်အဝေါ်များ(အပိုင်း-၁)
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** သားရေကွင်းပြုလုပ်နည်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁၂)
- **ရှမ်း(၁၃:၀၀ မှ ၁၅:၀၀)** ရှမ်းရိုးရာပိန်းပွင့်ချက်
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ပိုးမွေးမြူရေးအကြောင်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** မိသားစုအဝေါ်အဝေါ်များ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှာရင်တော့ဘေး
- **ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** တီးမှုတ်ပွယ်ရဲ့ထိန်းသိမ်းစဉ်လာရိုးရာလက်မှုပညာ
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** စွန်ပစ်ငှက်ပျောမှတန်ဖိုးမြင့်လူသုံးကုန်လက်မှုထည်များဆီသို့
- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကရင်ရိုးရာဘဲသားဆန်ပြုတ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု" (အပိုင်း-၂)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၅:၄၅ Japanese Sigles Chart
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၇:၄၅ မင်္ဂလာမျှော်လင့်ခြင်းလယ်ယာမြေ(အပိုင်း-၁)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု(Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း(၄-၈-၂၀၂၆)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ ဓါတ်သီးနှံသိပ္ပံစိုက်ပျိုးဝင်ငွေရှာဆီတိုး
- ၀၇:၀၀ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" နဂါးမောက်သီးနှင့်ကျန်းမာရေး
- ၀၈:၁၅ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
- ၀၉:၂၀ နံစားပြောင်းကိုအခြေခံ၍ခေါက်ဆွဲပြုလုပ်ခြင်း
- ၁၀:၃၀ **လူစွမ်းကောင်းများခေတ်**(အပိုင်း၅+၆)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၃၀ World Cup Highlight
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ (အမျိုးသမီး) Replay (မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်း)
- ၁၆:၀၀ ဘောလုံးပွဲကြိုသုံးသပ်ချက်
- ၁၆:၁၅ Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုအသင်း)
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန် တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အလုံမော်တော်ယာဉ်ဝင်းရှိ ၂ ထပ်ရုံး(၄၅'x၁၄')၊ ယာဉ်ရပ်နားရုံ-၁/၂(၇၇'x ၇၂')၊ ယာဉ်ရပ်နားရုံ-၁/၃(၃၁'x ၆၁')၊ ယာဉ်စက်ပြင်အလုပ်ရုံ(၇၀'x၈၇')၊ အဆောက်အအုံ ၁ လုံး (၃၆.၅'x ၈၇') စုစုပေါင်း အဆောက်အအုံ ၅ လုံးနှင့်ဆက်စပ်မြေကွက်လွတ် ၆၅၇ စတုရန်း မီတာတို့အား ၃ နှစ်သက်တမ်း စာချုပ် ချုပ်ဆို၍ အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၂၆ ရက်မှ ၁၆-၈-၂၀၂၆ ရက်ထိ
(ခ) **တင်ဒါပိတ်မည့်ရက်/ အချိန်** - ၁၆- ၈-၂၀၂၆ ရက် ညနေ(၁၆:၀၀)နာရီ
(ဂ) **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/ အချိန်** - **သတင်းစာတွင် ထပ်မံကြေညာမည် မဟုတ်ဘဲတင်ဒါပုံစံဝယ်ယူထားသူများထံသို့ သီးခြားအကြောင်းကြားသွားမည်ဖြစ်ပါသည်**
(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်နေရာ၊ အချိန်** - ရုံးအမှတ်(၅၂)၊ နေပြည်တော် တင်ဒါယှဉ်ပြိုင်ရမည့်ရက်၏ နံနက်(၁၀:၃၀) နာရီ
(င) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(စ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်။
(ဆ) **တင်ဒါပုံစံရောင်းချမည့် နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့။
(ဇ) **စပေါ်ငွေပေးသွင်းနိုင်သည့် ဘဏ်** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြပြီးဖြစ်ပါသည်။

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အလုံမော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံ ၅ လုံးနှင့် ဆက်စပ်မြေကွက်လွတ် ၆၅၇ စတုရန်းမီတာတို့အား သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက် ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-ဘုရားကုန်းအဆင့်-၁၊ ပေ ၁၈၀ လမ်းမဘေး၊ မြေကွက်အမှတ်(၇၄၆)ဟု ခေါ်တွင်သည့် အကျယ်ပေ(၄၀ x ၆၀)ရှိ ခြံမြေသည် သန်လျင်/ကျောက်တန်းမြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေယာရုံးခွဲ(၁၅)တွင် ဦးဝင်းကို(SRM-005919) အမည်ဖြင့် မှတ်သားတည်ရှိသော စလစ်မြေအမျိုးအစား ခြံမြေကွက် ဖြစ်ပါသည်။

မူလပိုင်ရှင်ဖြစ်သူထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ယခုရောင်းချသူ ဦးမြင့်ကိုကို (ဘ) ဦးမွတ်ဘူး (၁၂/သလန(ပြု)၀၀၁၃၄၆) က အဆိုပါ ခြံမြေနှင့်ပတ်သက်၍ မိမိတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ ဆက်ခံသူ မိုခိုသူ ကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်တော် ဦးကွန်မာဒူး (ဘ) ဦးတဲလား(၁၂/သလန(ပြု)၀၀၆၅၂၉)မှ ကာလပေါက်ဈေးအတိုင်း အပြည့်အဝပေးချေဝယ်ယူကာ လက်ရှိထားစီမံမှုပြုနေသည်မှာ ယနေ့အချိန် အထိဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အမှတ်(၇၄၆) နှင့်ပတ်သက်၍ ကျွန်တော်၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချ/ဝယ်ယူခြင်းများပြုလုပ်ရာတွင် မှားယွင်းဝယ်ယူမိ၍ နစ်နာခြင်းများမဖြစ်ပွားစေရန် ရည်ရွယ်သည့်အပြင် အဆိုပါခြံမြေ၏ စီမံခန့်ခွဲပိုင်ခွင့်အရပ်ရပ်သည် ကျွန်တော် ဦးကွန်မာဒူး တစ်ဦးတည်းနှင့်သာ သက်ဆိုင်ပါကြောင်း အများသိရှိသတိထားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကွန်မာဒူး (၁၂/သလန(ပြု)၀၀၆၅၂၉)**
**မြင်တော်သာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ် (၁-ခ/၄)၊ ၄၇x၄၈ကြား ၁၁၃x၁၁၄လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းလဲ့ထက်မွန်ဦး ၉/ခအဇ(နိုင်)၀၁၆၇၂၈က အမှုတွဲအမှတ် (၁၄၈၂/၂၀၂၆-၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/66912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2870 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/30545 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/78449 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7443 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ကျောက်ဆည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သန်လျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၈၈)၊ ဦးပိုင်အမှတ် (၁)ခဲစင်း၊ အေးချမ်းသာယာလမ်းနှင့် ကန်တော်ကြီးပတ်လမ်းကြား၊ သံနောက်လမ်းမကြီးနှင့် သားသတ်ရုံလမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်ဝင်း ၉/မရတ(နိုင်)၀၆၅၅၈က အမှုတွဲအမှတ်(၁၄၇၅/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၁၂၃)ခဲစင်း၊ ၆၄x ၆၅ကြား၊ ၁၁၅x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟူမာကူရီ(ခ) ဟူမားကူမာရီ (ခ)စပယ် ၉/မကန(နိုင်)၀၄၂၈၃၂ က အမှုတွဲအမှတ် (၁၄၇၈/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၇၂)၊ ဈေးချောင်းကွေ့၊ ဦးပိုင်အမှတ် (၂/၈-င-၆၉)၊ ရေိယာ (၀ဒသမ၀၆၀)ကေရှိမြေအား ဦးမျိုးထွန်းကျော် အမည်ဖြင့် မြေငှားဂရန်အသစ် ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင် ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ၊ ပုသိမ်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8385 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သန်လျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၄၀၅-ခ)၊ ဦးပိုင်အမှတ် (၇-ဈ)ခဲစင်း၊ ၄၁(အီး)လမ်းနှင့် ၉၁(H)လမ်းထောင့်ရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်နွယ်နွယ်လှိုင် ၉/မဟမ(နိုင်)၀၁၉၁၂၉က အမှုတွဲအမှတ် (၁၄၉၀/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၃၊ ဦးပိုင်အမှတ် ၅၀၊ ၅၇ x ၅၈ကြား၊ ၁၀၅ x ၁၀၆လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ချိုနွယ်ဦး ၁၃/လရန(နိုင်) ၁၂၄၀၈၇ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရအပိုင်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်းအမှတ် (၂၆/က)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း(အလျား၁၇ပေxအနံ၆၅ပေ)ရှိမြေကွက်နှင့်ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် (ရေ+မီး) အပါအဝင်၏အကျိုးခံစားခွင့် အရပ်ရပ်အား ဦးထွန်းထွန်းနိုင် (၅/ရဥန(နိုင်)၀၈၂၃၅၅)+ဒေါ်ခင်ဝင်းရီ(၁၂/မဂဒ(နိုင်)၀၄၅၅၆၄) သည်လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ဒေါ်ယဉ်နွယ်ဇင်ငြိမ်း (၁၂/တကန(နိုင်)၁၇၇၄၄၇)မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်နွယ်ဇင်ငြိမ်း**
**အမှတ်(၂/ခ)၊ အောင်သပြေ(၃)လမ်း၊ ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၈၈၆၀၇၆၆၆၊ ၀၉-၇၉၄၅၄၆၉၆၂**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက-ခွဲ(အလင်းရောင်)ကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မနန္ဒာလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလွင် ၉/မထလ(နိုင်)၁၂၂၆၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း Grade -12တွင်ပညာသင်ကြားနေသော မမေသကြီးန်၏ ဖခင်အမည်မှန်မှာ ဦးကျော် ၉/မခန(နိုင်)၁၈၀၉၄၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁၁)တပ်ခွဲ၊ တပ်စု(၃)(ဖြူး)မှ ဒုတပ်ကြပ်ရဲနိုင်၊ ၇/ပမန(နိုင်)၁၂၆၉၆၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၂-၁၉၈၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၈)၊ မြေကွက်အမှတ်(၁၉၁)၊ မြေအကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးငွေးဝင်း ထံမှ "အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်တင်တင်ရီ (၁၂/မဂတ(နိုင်)၀၇၃၄၈၀ )ကိုင်ဆောင်သူက မိမိသာလျှင် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးရီ (၁၂/သဃက(နိုင်)၀၀၇၈၂၉ )ကိုင်ဆောင်သူက အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၀၄၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-22Y-2၊ မြေအတန်းအစား- (V class)၊ မြေကွက်အမှတ်(၂၂)ရှိ ဒေါ်ခင်ရီပိုင် တောင်ဘက်ခြမ်း (၁၄.၅ ပေx ပေ၅၀)မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသောတိုက်၏တောင်ဘက်ခြမ်း မြေညီပထမထပ်၊ အမှတ်(၁၂) အကျယ်(၁၄.၅ပေx ပေ၅၀) ဟောင်ကောင်ပုံစံအကျယ်အဝန်းရှိ (ရေ၊မီးစုံထပ်ခိုးအပြည့်) တိုက်ခန်းတစ်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်ခင်ရီ၏ အမွေဆက်ခံသူ သားသမီးများဖြစ်သော ဒေါ်ဇင်သွယ်အေး(၁၂/လမတ(နိုင်)၀၃၂၁၅၀)ပါ (၃)ဦးမှ လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ဇင်သွယ်အေးပါ (၃)ဦးထံမှ ဦးဇော်ဝင်း(၁၂/လမတ(နိုင်)၀၁၂၁၅၄)သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းတစ်ခန်းနှင့် မြေအပါအဝင် ထိုမြေပေါ်တွင်ဆောက်လုပ်ထားသော တိုက်ခန်းများ၏အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါနေအိမ်ခြံအား ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း (၁၂/လမတ(နိုင်)၀၁၂၁၅၄)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသဲမောင်ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊ (၃/က)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၉၅၇၆၈၉၄၄၊ ၀၉- ၄၄၀၂၆၇၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊မြေကွက်အမှတ်(၁၇၉၆)၊အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိဦးကျင်သောင်း(SKGN-025571)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်း ချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ငြိမ်းငြိမ်းဝင်း (၁၂/ဒဂမ(နိုင်)၀၁၉၇၉၆)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph,09421746974**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၁)လမ်း၊ အမှတ်(၆၀၆/ခ ၊ ၆၀၇/ခ)၊ အခန်းအမှတ် မြေညီထပ် (ထပ်ခိုးပါ)၊ (ခေါင်းရင်းခန်း/လက်ယာဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယမင်းနေကြည်(၁၂/ဒပန(နိုင်)၀၄၉၉၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရိုစီဝင်းဟန် (၁၂/လမတ(နိုင်)၀၃၆၃၄၅)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) | ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) | ဒေါ်သိမ့်သဥ္ဇလီ (LL.B, LLM)(စဉ်-၅၆၈၈၇) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉ -၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၁.တိုးချဲ့)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် A-၁၃(ခ)၊ အကျယ်အဝန်း (၄၅ပေ၆လက်မ × ၁၀၈ပေ) ရှိ ဒေါ်သန္တာရွှေ(၇/ပခန(နိုင်)၂၂၀၉၄၁)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဂရန်အမည်ပေါက်ဖြစ်သူဒေါ်သန္တာရွှေထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph,09421746974**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

